# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၀၅)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ ၁-၇-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် လာအိုနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍ



ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။



အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်ဆင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃၀

မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ် ဝတ်ဆင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC – 1) ကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများအား MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ရုပ်မြင်သံကြားမှလည်း အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်အား ဇူလိုင် (၃) ရက်တွင် ရောက်ရှိမည့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် "ယဉ်တစ်ကိုယ်မယ်" တေးဂီတဖျော်ဖြေပွဲကို နာမည်ကျော် အဆိုတော်များအပါအဝင် တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကလေးဆေးရုံကြီး(ရန်ကုန်)၌ ခွဲစိတ်ခဲ့ပြီးသော ရင်ချင်းဆက်အမြွှာကလေးများ ကျန်းမာရေးကောင်းမွန်လျက်ရှိ



နေပြည်တော် ဇွန် ၃၀

ကလေးဆေးရုံကြီး(ရန်ကုန်) ၌ ခွဲစိတ်ကုသမှု (Separation Surgery) ဆောင်ရွက်ခဲ့သော ရင်ချင်းဆက်အမြွှာမိန်းကလေးများသည် ယနေ့တွင် ခွဲစိတ်ပြီး ရက်ပေါင်း (၁၉)ရက် ရှိပြီဖြစ်ပြီး ကလေးများ ကျန်းမာရေးအခြေအနေကောင်းမွန်ကာ သီးသန့်စီ ပျော်ရွှင်စွာသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် (၃၁)နှစ်အရွယ် မိခင်မှ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်က လာရောက်ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် မွေးဖွားပြီးချိန်မှစ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)၊ ခုတင်-၅၅၀ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ ခုတင် ၅၅၀-ဆံ့ ကလေးဆေးရုံကြီး ရန်ကုန်(ရန်ကင်း)တို့၌ ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့ကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ကလေးဆေးရုံကြီး(ရန်ကုန်)၌ ပြောင်းရွှေ့၍ လိုအပ်သည်များ ပြင်ဆင်ခဲ့ပြီး ဇွန် ၁၁ ရက်၊ အသက် နှစ်နှစ်၊ ငါးလရှိချိန်တွင် ကလေးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင်-၅၅၀ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးဆေးရုံကြီး(ရန်ကုန်)၌ ယခုခွဲစိတ်ကုသမှုအပါအဝင် ရင်ချင်းဆက် အမြွှာခွဲစိတ်ကုသမှု ကိုးကြိမ်၊ ကလေးဆေးရုံကြီး(မန္တလေး)တွင် သုံးကြိမ်ကို ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့အတွက် ဖတ်စရာ

မန်စီးတီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု နည်းပြသစ် မာရတ်စတာ ပြောကြား

စာမျက်နှာ ၁၁

— — — — — —

မြန်မာ့တိုင်းရင်းဆေးပညာ ကဏ္ဍသစ်နှင့် ခေတ်မီတိုးတက်လာသော တိုင်းရင်းဆေးတက္ကသိုလ် (ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ ဇူလိုင် ၁ ရက် ၊ ဗုဒ္ဓဟူးနေ့။

## ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားရမည်ဖြစ်

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုမှဆောင်ရွက်ပေးရသည့် အမျိုးသားအဆင့်စီမံကိန်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် စီမံကိန်းများလည်းရှိကြောင်း၊ အဆိုပါစီမံကိန်းများကို အကျိုးရှိရှိအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရှိပြီးဖြစ်သော ထူးခြားသည့်ဝိသေသများအရ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဖိဖိစီးစီးရွေးချယ်လုပ်ကိုင်ကြရန်နှင့် အခြားလုပ်ငန်းများကိုလည်း မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လိုအပ်သလိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ဒေသအလိုက်အားသာချက်များကို အဓိကအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံတော်သမ္မတရုံးတော်၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံရာတွင်ပြောကြားသည်။

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် လမ်းများရေရှည်တည်တံ့ကောင်းမွန်နေစေရေးနှင့် သတ်မှတ်ထားသည့် လမ်းအဂါရပ်များနှင့်အညီဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်စေရေးအတွက် လမ်းဘေးဝဲယာရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ သွားလာရခက်ခဲသည့် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုများ အဓိကထားကောင်းမွန်စေရေးကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို နိုင်ငံတော်မှခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ဒေသတွင်းနေထိုင်သူများအနေဖြင့် မိမိတို့ဒေသအတွင်း နေထိုင်လုပ်ကိုင်လိုကြပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါများပါက ဒေသတွင်း၌သာနေထိုင်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိပြီး နောင်တစ်ချိန်တွင် ဒေသအတွက် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားကြစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် စက်မှုနည်းပညာဘက်သို့ စိတ်ပါဝင်စားမှုများကြကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်သည်လည်း နိုင်ငံအတွက် မဖြစ်မနေလိုအပ်သည့် ပညာရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို သင်ကြားခြင်းဖြင့်လည်း ဘဝရပ်တည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ကိုသိရှိစေရေး စံနမူနာပြလုပ်ကိုင်ပြသကြရန်လိုကြောင်း၊ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့ဒေသအလိုက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မြေပြင်ကွင်းဆင်းဆောင်ရွက်သွားကြရန်လိုကြောင်းပြောကြားသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် Agro-Based Industries ကို ဆောင်ရွက်သွားနိုင်ရန်လိုအပ်မည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းသည်အဓိကကျသဖြင့် MSME လုပ်ငန်းများကိုမြှင့်တင်၍ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးကို အမျိုးသမီးရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၄-၈-၂၀၂၆)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ကလောင်အမည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြောင်းကြီး၊ ချောင်းကြီးနှင့် ချောင်းငယ်များကို ပုံမှန်ဆယ်ယူသန့်ရှင်းပေးလျက်ရှိ

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနသည် မန္တလေးမြို့ပေါ်ရှိ မြောင်းကြီး၊ ချောင်းကြီးနှင့် ချောင်းငယ်များကို နှစ်စဉ်၊ လစဉ်ပုံမှန်ဆယ်ယူသန့်ရှင်းပေးလျက်ရှိရာ စီမံချက်များချမှတ်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ဆောင်ရွက်နေသောလုပ်ငန်းသည် မန္တလေးမြို့၏ မြောက်ဘက်ပိုင်းက ရေများစီးဆင်းရာတွင် အရေးကြီးသော ကိုလံဘိုမြောင်းကို တူးဖော်ရှင်းလင်းခြင်းဖြစ်သည်။ ကိုလံဘိုမြောင်းသည် မဟာအောင်မြေမြို့နယ် ဇောတိကုန်းရပ်ကွက်၊ တက္ကသိုလ်အရှေ့မြောက်ဘက်ခြမ်းမှ စတင်စီးဆင်းလာပြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့ကိုဖြတ်သန်းစီးဆင်းလျက် ပရံတော်ချောင်းအတွင်းစီးဝင်သောမြောင်းဖြစ်သည်။ မန္တလေးမြို့၏အရှေ့ဘက်ခြမ်းဖြစ်သည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်၊ အနိုပ်တော်ရပ်ကွက်၊ မဟာဇေယျာဘုံရပ်ကွက်တို့မှ စီးဆင်းလာသောရေများ၊ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ပိုင်း၊ ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ ပတ်ဝန်းကျင်များမှရေများသည် ငွေတချောင်းမြောင်း၊ ၇၄လမ်းမြောင်း၊ ၇၆လမ်းမြောင်းနှင့် ရပ်ကွက်မြောင်းများမှစီးဝင်သော ရေများသည် ကိုလံဘိုမြောင်းအတွင်းသို့ပေါင်းစုံပြီး ပရံတော်ချောင်းအတွင်းသို့ စီးဆင်းသွားသည်။

လက်ရှိကာလသည် မိုးဦးကျကာလဖြစ်ပြီး လက်ရှိနှစ်ကို မိုးများနိုင်သည်ဟု ခန့်မှန်းချက်များအရ သန့်ရှင်းရေးဌာနသည် မြောင်းများရေစီးရေလာ ကောင်းမွန်ရေး စက်ယန္တရားအင်အား၊ လူအင်အားဖြင့် စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြို့၏မြောက်ဘက်တွင်ရှိသော တက်မျှော်ချောင်း၊ ငွေတချောင်းမြောင်း၊ ရွှေတချောင်းမြောင်း၊ ကိုလံဘိုမြောင်း၊ ပရံတော်ချောင်း၊ နဒီမြောင်းများတွင်လည်း မိုးမကျမီစက်ယန္တရားများ၊ လူအင်အားများအသုံးပြု၍ဆယ်ယူရှင်းခြင်း၊ ရပ်ကွက်တွင်းမြောင်းများကို E-35 ဘက်ဟိုးစက်ယန္တရားအသေးများအသုံးပြု၍ အမှိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းပေးခြင်းဖြင့် မြောင်းများ ရေစီးရေလာကောင်းမွန်စေပြီး ခြင်ပေါက်ပွားမှုလျော့နည်းလာကာ ရပ်ကွက်နေပြည်သူများ ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ခြင်ကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများကြိုတင်ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်းသန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးမင်းအောင်ဖြိုးက ပြောသည်။

မန္တလေးမြို့သည် ရတနာပုံနေပြည်တော်အဖြစ်တည်ခဲ့တဲ့အချိန်က ပြန့်ပြူးညီညာစွာတည်ထားသည့်မြို့ဖြစ်သည်။ ပြန့်ပြူးညီညာသည့်အတွက် မြောင်းများ ရေစီးရေလာကောင်းမွန်ရန်အတွက် မြောင်းများ၏အနိမ့်အမြင့် Level များကို အင်ဂျင်နီယာများကစနစ်တကျ တွက်ချက်ဆောင်ရွက်ထားရှိသည်။ မိုးရွာသည့်အခါမှာ မြောင်းထဲကို လမ်းဘေးမှာရှိသည့် အမှိုက်၊ သဲ၊ ဖုန်မှုန့်၊ သစ်ကိုင်းကျိုးများက ရေစီးနှင့်မျောပါလာခြင်း၊ တချို့ပြည်သူများ၏ အသိအမြင် အားနည်းမှုမြောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများကြောင့် မြောင်းများ ရေစီးရေလာကောင်းမွန်ရေးကိုထိခိုက်လာပြီး မြောင်းပိတ်ဆို့ခြင်း၊ ရေဝပ်ရေလျှံမှုများ၊ မိုးရွာသွန်းသည့်အခါ အချိန်ကြာမြင့်စွာ ရေဝပ်ရေလျှံခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ ရပ်ကွက်အလိုက်၊ မြို့နယ်များရှိမြောင်းများ မြောင်းစာအမှိုက်ဆယ်ယူခြင်းလုပ်ငန်းကို ရက်အလိုက်၊ လအလိုက်စီမံချက်ချမှတ်၍ စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် မြောင်းအတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဌာနမှူးက ပြောကြားသည်။

ကိုလံဘိုမြောင်းကို မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်အနောက်ဘက်မြောင်းမှစတင်၍ အမှိုက်နှင့်မြောင်းစာများဆယ်ယူရှင်းလင်းခြင်းနှင့် မြောင်းပတ်ဝန်းကျင်တွင် အမှိုက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို လူအင်အားနှင့် စက်ယန္တရားအင်အားတို့ဖြင့် မြေသားနံရံများ ညီညာစေရေးစတုတ်ဆွဲခြင်း၊ မြောင်းဘေးဝဲယာမြေညှိဆောင်ရွက်ခြင်းများကို အကျယ် ၂၂ပေ၊ အနက် ၁၁ပေ၊ အရှည် ၁၃၅၄၉ ပေ ကိုပရံတော်ချောင်းအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)



(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃၀

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ B-annex ခန်းမ၌ ပြုလုပ်သည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။



တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍဆိုရာတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပွင့်လင်းမြင်သာရေး၊ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များ၏ စံချိန်စံညွှန်းနှင့် အညီဖြစ်စေရေး၊ ဆက်သွယ်ဆက်ဆံမှုနယ်ပယ် ကြီးမားကျယ်ပြန့်ရေးနှင့် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် ခေတ်မီသည့် လွှတ်တော်ဖြစ်အောင် တစ်စချင်း၊ တစ်စချင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် လွှတ်တော်၏လုပ်ငန်းဆောင်တာများကို အဓိကပံ့ပိုးကူညီသွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာဘာသာရပ်စွမ်းရည်၊ ကျင့်ဝတ်သိက္ခာ စသည်များကိုပါ ပိုမိုတိုးတက် ကောင်းမွန်အောင် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်း၏ရည်ရွယ်ချက်မှာ လွှတ်တော်၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေး တာဝန်များကို ခေတ်စနစ်နှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် ဖြစ်ကြောင်း။

မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံအတွက်အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးသည် ဥပဒေ၏ အကာအကွယ်အောက်တွင် နိစ္စဓူဝ လုပ်ငန်းဆောင်တာများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေနှင့်အညီဖြစ်စေရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို ကနဦးအဆင့် သင်တန်းသား ၈၈ ဦးဖြင့် သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်များအနေဖြင့်လည်း ဥပဒေကြမ်းရေးဆွဲခြင်း ရေးထုံးရေးနည်းများ၊ ဥပဒေဆိုင်ရာ အတွေးအခေါ်များနှင့် သိမှတ်ဖွယ်ရာများကို မေးမြန်းခြင်း၊ ဖြေကြားခြင်း ကဏ္ဍများပါ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Case Study အဖြစ် ဥပဒေသုံးခုကိုလည်း လက်တွေ့ဆန်းစစ်လေ့လာနိုင်ရန် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုသင်တန်းသည် ဥပဒေသင်တန်းဖြစ်၍ ဥပဒေကြမ်းကော်မတီ တစ်ခုတည်းနှင့်သာ သီးခြားသက်ဆိုင်ခြင်းမဟုတ်ဘဲ လွှတ်တော်၏ကော်မတီအသီးသီးတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပါဝင်နေသောကြောင့် အားလုံးနှင့် သက်ဆိုင်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ အရည်အသွေးတိုးမြှင့်ရေးကို လေ့ကျင့်ရေးနှင့် တည်ဆောက်ရမည်သာ ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်ကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုပြည့်စုံကောင်းမွန်လာအောင် သင်တန်းများက များစွာအထောက်အကူပြုမည်ဟုလည်း ယုံကြည်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် သင်တန်းအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို နောင်သင်တန်းများတွင် အားနည်းချက်၊ လိုအပ်ချက် မရှိစေရေးအတွက် ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေပညာရှင် ဒေါ်သန်းသန်းရီက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ၄/၂၀၁၉ နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ၁/၂၀၁၉ ဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများအကြား ရေနံ နည်းစနစ်ကျတွင်း တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၃၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်း၍ နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ရန် လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် (Operating Agreement) လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခင်ကခွင့်ပြုပေးထားသည့် ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ပြီး လက်ရှိတွင် နိုင်ငံတော်ပိုင် ရေနံသယံဇာတများအား လေလွင့်ဆုံးရှုံးမှုနည်းပါးစွာ ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ပြည်တွင်းရေနံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များ၏ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးများအား ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေရန်ရည်ရွယ်၍ ရေနံနည်းစနစ်ကျတွင်းများ တူးဖော်ထုတ်လုပ်နိုင်ရန်အတွက် တင်ပြလာသည့် ကုမ္ပဏီများကို စနစ်တကျစိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်များ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့်ရေနံစိမ်းများကို စနစ်တကျသန့်စင်ပြီး နိုင်ငံပိုင်ရေနံချက်စက်ရုံများသို့ ပို့ဆောင်ချက်လုပ်သွားမည်ဖြစ်ရာ နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ယနေ့စာချုပ်ချုပ်ဆိုသည့် ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့် ရေနံနည်းစနစ်ကျတွင်းများကို စနစ်တကျ တူးဖော်ထုတ်ကြရန်လိုအပ်ကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မိမိတို့လုပ်ကိုင်ဆောင်ရွက်မည့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်အောင် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယခုလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် နည်းစနစ်ကျတွင်း တူးဖော်ခြင်းလုပ်ငန်းများမှတစ်ဆင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် ရေနံလုပ်ငန်းရှင်များအဖြစ် တိုးတက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြီး လုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးကာ စာချုပ်များ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၈ ရက်တွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးသည် အဓိကကျသည့်အတွက် မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသ အေးချမ်းအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်လိုအပ်ကြောင်း၊ ထို့ပြင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့နောက် တီးတိန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှိ တီးတိန်မြို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် 300 KVA ဒီဇယ်ဓာတ်အားပေး စက်ရုံကို ကြည့်ရှုခဲ့ကြောင်းနှင့် တီးတိန်မြို့အား ဓာလွီးရေအားလျှပ်စစ်စက်ရုံရှိ 200 KW နှစ်လုံးနှင့် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ရုံမှ 180 KW တို့ဖြင့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၃၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းမြေနေရာကို ဂရန်မြေအဖြစ် သတ်မှတ်ပေးနိုင်ရေး၊ ကျောင်းအဆောက်အအုံ တည်ဆောက်ပေးနိုင်ရေး၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခု တည်ဆောက်ပေးနိုင်ရေး၊ ဆရာအတတ်သင် သိပ္ပံ/ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် ပေါ့ဖယ်ရွာမှ ပါပီကျေးရွာသွားလမ်း ၃/၀ မိုင် မြေလမ်းပေါ်တွင် အရှည် ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိလျှင်မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မြေလမ်း ၃/၀ မိုင် ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၁၆၀ နှင့် လူဦးရေ ၈၀၀ တို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းပေါ်ရှိပေ ၂၀ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် ပြည်နယ်ရန်ပုံငွေမှ အဆိုပြု လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **တာချီလိတ်မြို့ အောက်မိုင်းဟဲကျေးရွာအုပ်စုသွားလမ်းမကြီးကို အရှည် ၂၂ မိုင်ကျော်ခန့် အကျယ်ပေ ၂၀ ရှိ မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်သို့ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် ယင်းလမ်းမကြီး ကောင်းမွန်စေရန် မည်သို့စီမံဆောင်ရွက်ပေးသွားမည်တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းပိုင်းသည် တာချီလိတ်ခရိုင် တာချီလိတ်-ဘိုရှီး-မိုင်းခုတ် ၆၉/၅ မိုင် လမ်းပိုင်းတွင် ပါဝင်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းရန်နှင့် တံတားများဆောက်လုပ်ရန် အင်ဂျင်နီယာအကြံပြုလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးသို့ လုပ်ငန်းအပ်နှံခဲ့ကာ မြေပြင်တွင် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၁၁၆၇ အိမ်နှင့် လူဦးရေ ၆၁၈၄ ဦးတို့ကို အကျိုးပြုလျက်ရှိသည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း နှစ်စဉ်အပိုင်းလိုက် အဆိုပြုလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်အတွင်းရှိ နမ့်စန်-မိုးနဲသွား လမ်းမကြီး ကတ္တရာလမ်း ၁၉ ဒသမ ၅ မိုင်အနက် ဆောင်ရွက်ရန်ကျန်ရှိသော ကတ္တရာလမ်း ၁၆ မိုင်အား ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နမ့်စန်-မိုးနဲသွားလမ်းမကြီး လွိုင်စန့်ရွာလမ်းခွဲမှ နားရိုင်းရွာဟောင်းလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ကျေးရွာ ၈ ရွာ၊ အိမ်ခြေ ၁၀၄၃ အိမ်နှင့်လူဦးရေ ၄၈၈၂ ဦးတို့အား အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်း ၁၉/၄ မိုင်ပေါ်တွင် ပြင်/ထိန်းလုပ်ငန်းအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား ၁/၀ မိုင် နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၂/၄ မိုင် စုစုပေါင်း ကတ္တရာထပ်ပိုးလွှာ ၃/၄ မိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကတ္တရာပြင်/ထိန်းလုပ်ငန်း ဆောင်ရွက်ရန် ၁၆/၀ မိုင် ကျန်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာ သုံးဖာလုံခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် လမ်းပိုင်းများကိုလည်း လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ခေါင်လန်ဖူးမြို့နယ် မထီစွတ်-ဒါဘန်-မရန်ထ-ဆရဲဖါနှင့် အဘွမ်ထန်လမ်းပိုင်း ၃၅ မိုင်မှ ကျန်ရှိသောလမ်းပိုင်း ၂၁ မိုင်အား ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါလမ်းပိုင်း ၃၅ မိုင်အနက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်းအား ၁၄ မိုင်အထိ ဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၅၄၂ အိမ်နှင့် လူဦးရေ ၃၅၀၈ ဦးတို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းသို့ ဆက်သွယ်ထားသည့် ခေါင်လန်ဖူး-ဆရမ်ဖာ လမ်း ၁၂/၄ မိုင်သည် မိမိဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသည့် လမ်းပိုင်းဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ၇/၄ မိုင် ဖောက်လုပ်ခဲ့ပြီး ဖောက်လုပ်ရန် ၅/၀ မိုင် ကျန်ရှိသည့်အတွက် ခေါင်လန်ဖူး-ဆရမ်ဖာလမ်းပိုင်း ပြီးစီးအောင် ဖောက်လုပ်ပြီးမှသာ မထီစွတ်-ဒါဘန်-မရန်ထ-ဆရဲဖါနှင့် အဘွမ်ထန်လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ရမည်ဖြစ်ပြီး လက်ရှိအခြေအနေအရ မြစ်ကြီးနား-ပူတာအိုလမ်းပိုင်းသည် လုံခြုံရေးအခြေအနေအရ စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ရန်အတွက် ကန့်သတ်ချက်များရှိနေသည့်အတွက် ကျန်ရှိသည့် ၂၁/၀ မိုင်ကို ခေါင်လန်ဖူး-ဆရမ်ဖာလမ်းပိုင်း ဖောက်လုပ်ပြီးချိန်နှင့် မြစ်ကြီးနား-ပူတာအိုလမ်းပိုင်း လုံခြုံရေးကောင်းမွန်သည့်အချိန်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး၏ **မိုင်းကိုင်မြို့နယ်တွင် ကျောင်းပေါင်း ၁၉ ကျောင်းမှ ဆရာ/ဆရာမများလစ်လပ်နေခြင်း၊ ဆရာတစ်ဦးတည်းသာ တာဝန်ထမ်းဆောင်နေရခြင်းများကြောင့် လစ်လပ်နေသောနေရာများကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဆရာ ဆရာမများ လုံးဝလစ်လပ်နေသည့် ကျောင်း ၁၉ ကျောင်းရှိပြီး အဆိုပါကျောင်းများတွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု မဆုံးရှုံးစေရန်အတွက် မြို့နယ်အတွင်းရှိ ကျောင်းအုပ်စုအလိုက် ဆရာအင်အားပြည့်မီသောကျောင်းများမှ ဆရာ၊ ဆရာမများအား အဆိုပါကျောင်းများတွင် တွဲဖက်သင်ကြားရန် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ဆရာလစ်လပ်လျက်ရှိသော ကျောင်းများတွင် ယခင်နှစ်များအတိုင်း ဆက်လက်တွဲဖက်တာဝန်ထမ်းဆောင်စေပြီး ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာရေးနှောင့်နှေးမှုမရှိစေရန် ပညာရေးဒီဂရီကောလိပ်များမှ သင်တန်းဆင်းဆရာ ဆရာမများအား သတ်မှတ်မှုနှင့်အညီ လစ်လပ်နေရာများ ဖြည့်ဆည်းခန့်ထားပေးခြင်းနှင့် ရာထူးတိုး/ပြောင်းကိစ္စများဆောင်ရွက်ချိန်တွင် လျှောက်ထားသူရှိပါက ဦးစားပေးခန့်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

> **ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းမြေနေရာကို ဂရန်မြေအဖြစ် သတ်မှတ်ပေးနိုင်ရေး၊ ကျောင်းအဆောက်အအုံ တည်ဆောက်ပေးနိုင်ရေး၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခုတည်ဆောက်ပေးနိုင်ရေး၊ ဆရာအတတ်သင် သိပ္ပံ/ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်**

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **မြန်မာနိုင်ငံအနှံ့ ကျေးလက်ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ/ ဆရာမများအတွက် လုံခြုံစိတ်ချရသော ဝန်ထမ်းအိမ်ရာများ နှစ်အလိုက် စီမံကိန်းချ၍ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံကျောင်း၊ ရုံးများတွင် ဝန်ထမ်းအိမ်ရာများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်း၊ ရုံး ၃၅ ခုအတွက် ဝန်ထမ်းအိမ်ရာ ၃၅ လုံးတည်ဆောက်ရန် ခွင့်ပြုရန်ပုံငွေ ရရှိထားပြီးဖြစ်သည့်အတွက် ဝန်ထမ်းအိမ်ရာများ စီစဉ်ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လက်တွေ့မြေပြင်အခြေအနေများကို စိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆက်လက်လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၏ **အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ အမက(၁၆) အမည်ပေါက် နှစ်(၃၀) ဂရန်မြေပေါ်တွင် ရပ်ကွက်လမ်းအဖြစ် အသုံးပြုနေမှုအား ဆက်လက်အသုံးပြုမည်ဆိုပါက ကျောင်းမြေနေရာကို ဂရန်မြေအဖြစ် သတ်မှတ်ပေးရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီသော ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယခုလက်ရှိသင်ကြားလျက်ရှိသည့် မြေနေရာသည် မန္တလေးမြို့တော်စည်ပင်သာယာပိုင်မြေဖြစ်ပြီး ၁၉၅၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့်ကျောင်းဖြစ်ပါကြောင်း၊ လက်ရှိကျောင်းမြေနေရာသည် အလျား ၁၀၆ ပေ၊ အနံ ၃၆ ပေရှိသော်လည်း မန္တလေးမြို့တော်စည်ပင်သာယာရေးပိုင် လမ်းမြေဖြစ်နေခြင်း၊ လျှပ်စစ်ဓာတ်အားမိန်းကြိုးကြီးများ ကျောင်းအလယ်ဗဟိုမှ ဖြတ်သန်းသွားခြင်းများရှိနေသော်လည်း ပညာရေးဌာနပိုင်မြေမဟုတ်သည့်အတွက် ကျောင်းဆောင်ပြုပြင်ခြင်း၊ အသစ်ထပ်မံဆောက်လုပ်ခြင်းများ ပြုလုပ်ရန်အခက်အခဲရှိပါကြောင်း၊ အမက(၁၆) ကျောင်းအမည်ပေါက်နှစ်(၃၀)ဂရန်ရရှိထားသော ၁၁ X ၁၂ လမ်းကြား၊ ၈၇ X ၈၈ လမ်းကြား၊ ဦးပိုင်အမှတ်(၉/ဈ) အလျား ၁၈၅ ပေ၊ အနံ ၄၃ ပေရှိ မြေနေရာအား ရပ်ကွက်လမ်းအဖြစ် အသုံးပြုထားသောကြောင့် ကျောင်းဆောင်ဆောက်လုပ်ရန် အခက်အခဲရှိနေပါသဖြင့် ခြံစည်းရိုးကာရံရန်အတွက် မြေတိုင်းတာပေးနိုင်ပါရန် ဌာနမှူး၊ မြေယာဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်း။

ရပ်ကွက်လမ်းအဖြစ် အသုံးပြုထားသည့် ဌာနပိုင်မြေပေါ်တွင် ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါမြေအား ကနဦးခြံစည်းရိုးကာရံနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ထပ်မံ၍ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ဌာနပိုင်(ကျောင်းပိုင်)မြေနေရာအဖြစ်သတ်မှတ်ထားသည့် မြေနေရာတွင်သာ အဆောက်အအုံ ဆောက်လုပ်ခွင့်ရှိပါသဖြင့် ရပ်ကွက်လမ်းအဖြစ် အသုံးပြုလျက်ရှိသည့် ဌာနပိုင်မြေအား မြေတိုင်းတာခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မြို့အင်္ဂါရပ်နှင့်ညီသော ကျောင်းအဆောက်အအုံကို ဘတ်ဂျက်လျာထားမှုအတိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာယာဝတီမဲဆန္ဒနယ်မှ ဦးဝင်းဇော်ဦး၏ **သာယာဝတီခရိုင်မြို့တွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခု ဆောက်လုပ်ပေးရန်နှင့်**

စာမျက်နှာ ၅ သို့ ○

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ



ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

နေပြည်တော် ဇွန် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာမှုအကူအညီများအပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ၏ လုပ်ငန်းများတွင် IFRC က ကူညီပံ့ပိုးပေးနေမှုအခြေအနေနှင့် မြန်မာနိုင်ငံ၌ IFRC က ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury၊ မြန်မာနိုင်ငံ

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးအကြီးအကဲ Mr.Daihei Mochizuki ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၃၀

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးအကြီးအကဲဖြစ်သူ Mr.Daihei Mochizuki ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ယာယီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အလုပ်သမားဝန်ကြီးဌာနနှင့် International Organization for Migration (IOM) တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်း အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များ၊ IOM ဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့်အတွက် ဆောင်ရွက်ပေးမှုများ၊ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီရေး ဗဟိုဌာန (Migrant Workers Resource Center-MRC) များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်စေလိုသည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် IOM ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၄ မှ

**မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးလိုလျှင် ဖွင့်လှစ်မည့်ဒေသနှင့် အနီးဆုံး တက္ကသိုလ် အကွာအဝေး၊ လမ်းပန်းဆက်သွယ်ရေး၊ အနီးဆုံးတက္ကသိုလ်တွင် ကျောင်းသားဝင်ဆံ့အင်အား (Full Capacity) ပြည့်မီမှု၊ အိပ်ဆောင် Hostel ပေးနိုင်မှု၊ အနီးဆုံးတက္ကသိုလ်တွင် သင်ကြားသည့်အထူးပြုဘာသာရပ်များနှင့် မတူညီသော အထူးပြုပညာရပ်နယ်ပယ်များ သင်ကြားမှု၊ လူသားအရင်းအမြစ်နှင့် အရည်အသွေးမြှင့်တင်မှု အထူးအစီအစဉ်အရ လိုအပ်မှု၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အရေအတွက်၊ ပထမနှစ်တက်ရောက်မည့် ကျောင်းသားအရေအတွက်၊ နှစ်စဉ်တက်ရောက်မည့် ကျောင်းသားအရေအတွက်၊ နောင် ငါးနှစ်တွင် ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေ (Projection)၊ အထူးပြုဘာသာရပ်တစ်ခုစီတွင် တက်ရောက်မည့်ကျောင်းသားဦးရေ၊ ဆရာ ကျောင်းသားအချိုး၊ ဆရာတစ်ဦး၏ တစ်ပတ်သင်ကြားချိန် Workload၊ သင်ကြားရေးဆရာလိုအပ်ချက်၊ အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်၊ တက္ကသိုလ်အင်္ဂါရပ် (University Characteristics) များ၊ နိုင်ငံတကာအဆင့်မီ သင်ကြားသင်ယူမှုနည်းစနစ်များ၊ နည်းပညာအထောက်အကူပြု ပစ္စည်းများ ပြည့်စုံအောင်ဖြည့်ဆည်းရေး အစရှိသည့် လိုအပ်ချက်များကို ထည့်သွင်းစီမံဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် စနစ်တကျတွက်ချက်ဆောင်ရွက်ရပါကြောင်း။

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်တို့ရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများသည် ပြည်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူလျက်ရှိသည့်အတွက် သာယာဝတီခရိုင်မြို့၌ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တစ်ခု ချထားဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်လိုအပ်သောအချိန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် သာယာဝတီခရိုင်မှ အဆင့်မြင့်ပညာဆည်းပူးသူ ကျောင်းသား ကျောင်းသူများစွာ ပေါ်ထွက်လာရေးကို မိဘပြည်သူများက တိုက်တွန်းပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ သာယာဝတီခရိုင်မှ ပြည်တက္ကသိုလ်တက်ရောက်လိုသော ကျောင်းသား ကျောင်းသူ တစ်ဦးတိုင်း တစ်ယောက်တိုင်းအတွက် အစိုးရအိပ်ဆောင် Hostel ချထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ဆရာအတတ်သင် သိပ္ပံ/ ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ မြောင်းမြပညာရေးဒီဂရီကောလိပ်နှင့် ဘိုကလေး ပညာရေးဒီဂရီကောလိပ်တို့ကို ဖွင့်လှစ်ထားပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သည် ၆၉ မိုင်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် ၂ နာရီခွဲခန့် ခရီးအတွင်း တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ကြောင်း၊ ကျောင်းသား ကျောင်းသူများက ပြည်ပညာရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်လျှောက်ထားပါက တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ပြည်ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်နှင့် အိပ်ဆောင်ဝင်ဆံ့အင်အားအရ လက်ရှိအခြေအနေတွင် Full Capacity ပြည့်မီစေရန် ကျောင်းသားအင်အား ထပ်မံလက်ခံသင်ကြားပေးနိုင်သော အနေအထားတွင်ရှိနေသည့်အတွက် မြန်အောင်မြို့တွင် ဆရာအတတ်သင်သိပ္ပံ/ ပညာရေးကောလိပ် ဖွင့်လှစ်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် မြန်အောင်ခရိုင်မှ ဆရာအတတ်ပညာ ဆည်းပူးလိုသော ကျောင်းသားကျောင်းသူအရေအတွက်နှင့် နောင်ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေ (Projection) များပြားလာပြီး ပညာရေးဒီဂရီကောလိပ် အသစ်တစ်ခု တည်ထောင်ရန်လိုအပ်လာချိန်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇူလိုင် ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတက္ကသိုလ်(၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာ ဆွမ်းကပ်၍ စတုဒိသာကျွေးမွေးမည်

မန္တလေး ဇွန် ၃၀

မန္တလေးတက္ကသိုလ်(၁၀၁) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အဖြစ်ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်ပင်မဆောင်တွင် ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားနာယူ၍ ဆွမ်းဆက်ကပ်ခြင်းများ ဆောင်ရွက်သွားမည်။

မန္တလေးတက္ကသိုလ်(၁၀၁) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ညနေ ၄ နာရီတွင် ပင်မဆောင်ရှေ့တွင် မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများက ကော်ဖီနှင့် နမ်းကပ်ဘီစကစ်၊ ဈေးချိုတော်ထမင်းသုပ်နှင့် ငါးဖယ်ကြော်၊ AMU အဖွဲ့မှ အုန်းပေါင်းငှက်ပျောသီးကြော်၊ ရူပဗေဒမိသားစုက မုန့်ဟင်းခါးတို့ ကျွေးမွေး၍ ပြည့်ပြည့်ဆီးသီးပေါင်းထုပ်များနှင့် ရေသန့်ဘူးများ ပေးဝေသွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ (ဝ၄၅)

## နှစ်ပေါင်း ၁၀၀ နီးပါးသက်တမ်းရှိ မန္တလေး၏ အစဉ်အလာမပျက် ဘုရားကြီးဝါဆိုခြင်းပွဲတော်

မန္တလေး ဇွန် ၃၀

မဟာမုနိဘုရားကြီး (၉၈) ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော်ကို ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ရက်ကနေ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်အထိ ၄၅ရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၇ နာရီထိ ဧည့်ခံခတ်ကစားလျက်ရှိသည်။

ဝါဆိုခြင်းပွဲတော်ကို ခြင်းဝါသနာရှင်များ စုပေါင်း၍ မိနစ် ၃၀ ကြာ ခြင်းတစ်ပွဲနှုန်းဖြင့် ခတ်ကစားပြီး ယခုနှစ်တွင် ခြင်းအသင်းပေါင်း ၉၀၀ ဖြင့် နေ့စဉ် ခတ်ကစားနေရာ ပထမဝါဆိုလပြည့်နေ့အထိ ၁၄ရက်မြောက်နေ့ ခတ်ကစားနေခြင်းဖြစ်သည်။

အလှခတ် ခြင်းလုံးခတ်ကစားခြင်းဖြစ်သည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းမှာ မူလအခြေခံထိချက် ၆ ချက်၊ ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀မျိုး၊ လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုးဖြစ်သည့် ခြင်းပေါက် အမျိုး ၃၀ကို အလှပြခတ်ကစားပြခြင်းဖြစ်ရာ ခြင်းဝါသနာရှင်များ နေ့စဉ်လာရောက်အားပေးကြည့်ရှုသူများ ဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ရိုးရာခြင်းလုံးကို ဆီးဂိမ်း(SEA GAMES) ၌ ရိုးရာအားကစားနည်းအဖြစ် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် စတင် ထည့်သွင်းကျင်းပလာသည့် ရိုးရာအားကစားနည်းဖြစ်သည်။

ယခုကဲ့သို့ မန္တလေးမြို့က နှစ် ၁၀၀ နီးပါးသက်တမ်းရှိ ဝါဆိုခြင်းပွဲတော်ကို အလည်အပတ်ရောက်ရှိလာကြသော ဧည့်သည်တော်များ သွားရောက်လည်ပတ်သင့်သောနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



❒ စာမျက်နှာ ၂၄ မှ

အဆိုပါဖိုရမ်ကို ရွှေ့ဆိုင်းလိုက်ပါကြောင်း၊ သို့သော်လည်း အိန္ဒိယသမ္မတကြီးက မြန်မာနိုင်ငံသမ္မတကြီးအား ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ခေါ်သည့်အတွက် သွားရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ချစ်ကြည်ရေးခရီးစဉ်ကို မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်အထိ ငါးရက်ကြာ သွားရောက်ခဲ့ပါကြောင်း၊ ငါးရက်တာကာလအတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရင်ဒရာမိုဒီ၊ အိန္ဒိယနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ဒေလီမြို့တွင် ဒေသအာဏာပိုင်များနှင့် တွေ့ဆုံပြီးနောက် မွမ်ဘိုင်းမြို့သို့လည်း သွားရောက်ခဲ့ပါကြောင်း၊ ယင်းခရီးစဉ်တွင် ပညာရေး ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် IT နည်းပညာများ၊ ပညာရေးပိုင်းဆိုင်ရာများ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံကြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတည်ဆောက်ရေး၊ ဆေးဝါးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံလာရောက် တည်ဆောက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် နည်းပညာနှင့်ပတ်သက်ပြီး ရှေ့တန်းရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သတင်းအချက်အလက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်ဖက်နယ်စပ်ဒေသ မတည်ငြိမ်မှုများ ရှိနေသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများ အတားအဆီးအနှောင့်အယှက် အဟန့်အတားဖြစ်နေသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသတည်ငြိမ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း။

ထို့ပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် အဓိကအားဖြင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း အပြီးသတ်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းကိစ္စအပေါ် အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ နောက်တစ်ခုမှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းအမြန်ဆုံး အပြီးသတ်အကောင်အထည်ဖော်နိုင်ရေးကိုလည်း အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အားလုံးက အလေးအနက်ထားပြောကြားခဲ့ပါကြောင်း။

ပညာရေးနှင့်ပတ်သက်ပြီး မဲခေါင်-ဂင်္ဂါ ပညာသင်ဆုကို မိမိတို့နိုင်ငံအနေဖြင့် ပုံမှန်အားဖြင့် ၃၆ ဆုသာရရှိပါကြောင်း၊ ယခုနှစ်မှစတင်ပြီး ၁၀၀ အထိ တိုးမြှင့်ပေးရန် ပြောကြားခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ်က စတင်ခဲ့သည့် ရူပီးနှင့် ကျပ်ငွေပေးချေရေးကိစ္စ ထိရောက်စွာ အကောင်အထည်မဖော်နိုင်သည့် ကိစ္စကိုယခုအချိန်မှစတင်ပြီး အကောင်အထည်ဖော်ရန် ရူပီးနှင့်ကျပ်ငွေပေးချေသည့် စနစ်များအဆင်ပြေစေရန် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း။

နယူးဒေလီမြို့၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် စိတ်ပူသည့်ကဏ္ဍများကို မေးမြန်းခဲ့ပါကြောင်း၊ လုံခြုံရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုတွင် အကျိုးအမြတ်ကိစ္စများ မေးမြန်းခဲ့ပါကြောင်း၊ ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ပြီး မေးမြန်းသည့်မေးခွန်းများကို သေသေချာချာ ဖြေကြားပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ပါက ဝန်းကျင်ကောင်းတစ်ခုကို ရင်းနှီးမြှုပ်နှံမှုများအတွက် ဖန်တီးပေးမည် ဆိုသည်ကိုလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဖြေကြားပေးခဲ့ပါကြောင်း၊ မွမ်ဘိုင်းတွင်လည်း မိမိတို့ဘက်က UMFCCI အဖွဲ့များနှင့် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပြီးသဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ တချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြေအနေပေးပါက ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏကိုပင် ပြောကြားခဲ့ပါကြောင်း။

လေ့လာရေးခရီးစဉ်တွင် အိန္ဒိယနိုင်ငံ MPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် စွမ်းအင်ကုမ္ပဏီကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယင်းစက်ရုံတွင် ခေတ်ရှေ့ပြေးနေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုးထုတ်လုပ်နိုင်သည့် စနစ်များကို Research center သဘောမျိုး ပြုလုပ်သည့်နေရာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အကျိုးသက်ရောက်စေမည့် အနေအထားများကို များစွာတွေ့ရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရှေ့ဆက်ပြီးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်ကိုလည်း ကမ်းလှမ်းခဲ့မှုများရှိပါကြောင်း။

ထို့ပြင် ဂျဝါဟာလာ နေရူးဆိပ်ကမ်းကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ရေကြောင်းအရ မိမိတို့နိုင်ငံအနောက်ပိုင်းနှင့် ချိတ်ဆက်မည့်အနေအထားများကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယခုဆိုလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ၊ သန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် အင်အားကြီးနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံ၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ပြီး ဒီမိုကရေစီနိုင်ငံကြီးလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သော နိုင်ငံကြီးက မိမိတို့နိုင်ငံ၏ သမ္မတကြီးကို နွေးနွေးထွေးထွေးလှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး ခရီးစဉ်တစ်လျှောက်လုံး ဂုဏ်ရတစိုက်ရှိခဲ့မှုသည် သံတမန်ရေးအရ၊ နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပါကြောင်း။

စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် သဘောတူညီချက်များ များစွာရရှိခဲ့ပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အချုပ်အခြာအာဏာကို လုံးဝမထိပါးစေဘဲ အိန္ဒိယနိုင်ငံကို ထိပါးစေမည့်ကိစ္စများ မြန်မာ့မြေပေါ်တွင် မဖြစ်ပေါ်စေရေး၊ မြန်မာနိုင်ငံကိုထိပါးမည့် ကိစ္စများ အိန္ဒိယမြေပေါ်တွင် မဖြစ်ပေါ်စေရေးကို အလေးထားဆွေးနွေးခဲ့ပါကြောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို အမြန်ဆုံးအပြီးသတ်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် သဘောတူညီမှုရရှိခဲ့ပါကြောင်း။

တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက် State Visit (နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်) အနေဖြင့် ဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ငါးရက်ကြာ သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်တွင် သမ္မတကြီးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်း၊ တရုတ်အမျိုးသားကွန်ဂရက် (NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိတို့နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရှန်ဟိုင်းတွင်လည်း ရှန်ဟိုင်းအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

သမ္မတကြီး၏ ခရီးစဉ်သည် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်အဆင့် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသမ္မတကြီးအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း တရုတ်-မြန်မာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုအလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကောင်းမွန်ရေး ဆွေးနွေးခဲ့ကြပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ Belt and Road Initiative(BRI) နှင့် မိမိတို့နိုင်ငံထဲတွင် ဆောင်ရွက်မည့် CMEC စီမံကိန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး၊ လုံခြုံရေးအခြေအနေအကြောင်းကြောင်းကြောင့် ရပ်ဆိုင်းထားသည့်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ပြီး အဆိုပါ စီမံကိန်းများ အပြီးသတ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ခိုင်ခိုင်မာမာပြောကြားခဲ့သည်မှာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းမူဝါဒကို အပြည့်အဝထောက်ခံပါကြောင်း ဆိုသည်ကို ထပ်လောင်းအတည်ပြုခဲ့ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် အာမခံချက်ပေးသည်မှာ မြန်မာအစိုးရသစ်ကို ကြိုဆိုကြောင်း၊ ရွေးကောက်ပွဲကိုလည်း ကြိုဆိုသည့်အပြင် တက်လာသည့် အစိုးရကိုလည်းကြိုဆိုကြောင်း၊ ထောက်ခံကြောင်း၊ လက်ရှိ မိမိတို့အစိုးရက ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ထောက်ခံကြောင်း၊ ရှေ့ဆက်ပြီးလည်း အပြည့်အဝ ထောက်ခံအားပေးသွားမည်ကို အခိုင်အမာ ပြောခဲ့ပါကြောင်း၊ အဓိကဆွေးနွေးခဲ့သည့် အကြောင်းအရာဖြစ်ပါကြောင်း။

ငါးရက်တာကာလအတွင်း G to G (Government-to-Government) MoU ၁၈ ခု ရေးထိုးနိုင်ခဲ့ပြီး ယင်းတွင် ကဏ္ဍစုံပါဝင်ပါကြောင်း၊ သွားရောက်သည့် ရည်ရွယ်ချက်တွင်ပါဝင်သော အကြောင်းအရာများအားလုံးကို ပေါက်မြောက်အောင်လည်း ယခုခရီးစဉ်တွင် MoU များထိုးနိုင်ခဲ့ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်ရေးအတွက်လည်း ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ သတင်းမီဒီယာအပိုင်းနှင့် မိမိနိုင်ငံ၏ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် training များ၊ မိမိနိုင်ငံတွင် လာရောက်၍ ဖလှယ်မည့် နည်းပညာများ၊ လုပ်ငန်းစဉ်များ၊ ချစ်ကြည်ရေးလုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

ထို့ပြင်လူသားချင်းစာနာထောက်ထားမှုနှင့် အာကာသအစီအစဉ် ဖြစ်ပါကြောင်း၊ ယင်းအာကာသ အစီအစဉ်နှင့်ပတ်သက်၍ ပညာတော်သင်များစေလွှတ်ပြီး ပညာရပ်များကို လေ့လာရန် ဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်- မြန်မာပညာရှင်များ ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မိုးလေဝသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဂြိုဟ်တုတစ်လုံး လွှတ်တင်ရန်နှင့် ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပါကြောင်း။

GSI, GDI, GCI, GGI လေးချက်ကိုလည်း တရုတ်နိုင်ငံက Initiative, Global Initiative စတင်ပြီး ဆောင်ရွက်နေသည့် ယင်းလုပ်ငန်းစဉ်များတွင် MoU ထိုးခဲ့ပါကြောင်း၊ တရုတ်သည် ကျန်နိုင်ငံများအားလုံးနှင့် လေးခုစလုံးတွင် MoU ထိုးခြင်းမျိုး မရှိပါကြောင်း၊ အချို့နိုင်ငံများက နှစ်ခု သို့မဟုတ် တစ်ခုသာ ရေးထိုးပါကြောင်း၊ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် Global Initiative လေးခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုသည့် အနေအထားမျိုးကို ပြသနိုင်ခဲ့ပါကြောင်း။

တရုတ်နိုင်ငံသည် စက်မှုနည်းပညာနှင့် AI မည်မျှ တိုးတက်သည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသို့ လာရောက်သည့် အာဆီယံခေါင်းဆောင်များထဲတွင် မြန်မာနိုင်ငံသမ္မတကြီးက ပထမဆုံးဖြစ်သည်ဟု သိရပါကြောင်း၊ မိမိတို့နိုင်ငံထဲတွင်လည်း ရထားလမ်းများ ဖောက်လုပ်မည်ဖြစ်သည့်အတွက် CRCC (ရထားလမ်း ဆောက်လုပ်ရေး)ကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ တရုတ်မှ မြန်မာကျောက်ဖြူအထိသွားမည့် ရထားလမ်းအပြင် ပြည်တွင်းတွင် တခြားရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ ရှန်ဟိုင်းရှိ Lingang Special Area တွင်လည်း မြို့ပြဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်မည်ကို အသေးစိတ်လေ့လာခဲ့ပါကြောင်း၊ Leapmotor လျှပ်စစ် EV ကားစက်ရုံကိုလည်း သွားရောက်လေ့လာခဲ့ပါကြောင်း၊ ဝါးပင်မှတစ်ဆင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် သွားရောက်လေ့လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်ရုံလာရောက်တည်ထောင်ပြီး ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များ ရရှိခဲ့ပါကြောင်း။

Unitree Robotics (စက်ရုပ်နည်းပညာ) ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ပြီး အသုံးပြုမည့် နေရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိနိုင်ငံမှ သင်တန်းသားများ စေလွှတ်နိုင်ရေး ဆွေးနွေးဆဲဖြစ်ပြီး မကြာခင် အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေရှိပါကြောင်း၊ ရှန်ဟိုင်းမြို့တွင် မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုညီလာခံ (Shanghai Summit)သို့ တရုတ်ဘက်မှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀ ကျော်နှင့် မြန်မာဘက်မှ ၂၀၀ ကျော် စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၏ State-owned Enterprise ကြီးများ၊ Belt and Road Initiative (BRI) တွင် ပါဝင်နေသော ကုမ္ပဏီကြီးများ တက်ရောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမည်ကို ရှင်းလင်းပြောကြားပြီး ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ယင်း Summit တွင် ပြခန်းပေါင်း ၃၅ ခု ပြသခဲ့ပြီး မြန်မာနှင့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များအကြား B2B MoU ပေါင်း ၇၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါကြောင်း။

ခရီးစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အနေဖြင့် အိန္ဒိယသည် ကမ္ဘာ့လူဦးရေအများဆုံး သန်း ၁၄၀၀ ကျော်ရှိပြီး တရုတ်သည် လူဦးရေ သန်း ၁၄၀၀ ကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ စစ်ရေး၊ စီးပွားရေး၊ နည်းပညာအင်အားကြီးနိုင်ငံများဖြစ်ပါကြောင်း၊ နိုင်ငံကြီးများနှင့် ဆက်ဆံနိုင်ခြင်းသည် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးနှင့် နိုင်ငံရေးအရ အောင်မြင်မှုဖြစ်ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ အေးအတူပူအမျှအသိုက်အဝန်းကိုလည်း ဆွေးနွေးခဲ့သည့်နေရာတိုင်းတွင် နိုင်ငံ့ခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များ အဓိက ဆွေးနွေးကြပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး အတွက်လည်း ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ MoU၊ B to B၊ G to G ရေးထိုးနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် လူဦးရေ သန်း ၁၀၀၀ ကျော်ရှိသည့် ဈေးကွက်ကြီး ပွင့်သွားပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

သတ္တုတွင်း၊ ဒီဂျစ်တယ်၊ AI၊ လျှပ်စစ်နှင့် ပြည့်ဖြိုးမြဲစွမ်းအင်၊ ရထားလမ်းဖောက်လုပ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များလည်း တိုးမြှင့်သွားရန် သဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ခရီးစဉ်နှစ်ခုကို သုံးသပ်ကြည့်မည်ဆိုပါက အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်သည့် ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်ခဲ့သကဲ့သို့ ရလဒ်များသည်လည်း အားရကျေနပ်ဖွယ်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရသစ်၏ အစကောင်း၊ အဖွင့်ကောင်းဖြစ်သည်ဟု ခရီးစဉ်နှစ်ခုအပေါ် သုံးသပ်၍ ရပါကြောင်း။

အစိုးရသစ် ရက် ၁၀၀ စီမံကိန်း (100-Day Plan) တိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအားလုံးသည် ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်မည့် လုပ်ငန်းများကို ပြင်ဆင်ခဲ့ပါကြောင်း၊

စာမျက်နှာ ၇ သို့ ❒

❒ စာမျက်နှာ ၆ မှ

ရက် ၁၀၀ စီမံချက်တွင် တချို့က လုပ်ငန်းကြီးများဖြစ်သည့်အတွက် တစ်ခု၊ နှစ်ခုရှိပြီး တချို့မှာ ဆောင်ရွက်မည့်လုပ်ငန်းအသေးများရှိပါကြောင်း၊ စီမံချက်အရေအတွက်နှင့် ပြီးစီးမှုရာခိုင်နှုန်းကို ဖော်ပြထားပါကြောင်း၊ ယင်းဆောင်ရွက်မှုအခြေအနေများ အသေးစိတ်အချက်အလက်များရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့်စီမံကိန်းအရေအတွက်နှင့် ပြီးစီးမှုရာခိုင်နှုန်းများမှာ ယေဘုယျအားဖြင့် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အချို့ကဏ္ဍများတွင် ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ပြီး ဥပမာအားဖြင့် ပို့ဆောင်ရေးတွင် ၉၃ ရာခိုင်နှုန်း၊ ပြည်ထဲရေးတွင် ၁၀၀ ရာခိုင်နှုန်း၊ သိပ္ပံနှင့်နည်းပညာ၊ ဥပဒေရေးရာတို့တွင် ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးမှုများရှိနေပါကြောင်း၊ တချို့ကဏ္ဍများလည်း အကောင်အထည်ဖော်ဆဲအနေအထားမျိုးတွေ ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတကြီး အစည်းအဝေးတိုင်းတွင် တစိုက်မတ်မတ်ပြောကြားသည့်ကိစ္စသည် ပညာရေးကဏ္ဍဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေအထားသည် ပညာရေးအားနည်းသည့်အတွက် မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ပညာရေးမြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနကလည်း ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်ရန် အရေးကြီးပါကြောင်း၊ လွန်ခဲ့သော ငါးနှစ်တာအတွင်း မတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းများ အမြန်ပြန်ဖွင့်နိုင်ရန်၊ ဆရာ ဆရာမများရရှိရန်နှင့် ကျောင်းသားများ ကျောင်းတက်နိုင်မည့် ပတ်ဝန်းကျင်ဖန်တီးရန် အစိုးရက ကြိုးပမ်းနေပါကြောင်း။

မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအပ်နှံနိုင်သေးသူများအတွက် ကျောင်းအပ်လက်ခံမှုကို ဩဂုတ် ၃၁ ရက်အထိ (သုံးလသက်တမ်း) တိုးမြှင့်ပေးထားပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် (ဇွန် ၂၉ ရက်အထိ စာရင်းအရ)ကျောင်းသားဦးရေ ၇ ဒသမ ၂၇၅ သန်းရှိပြီး ကိန်းဂဏန်းသည် ဆက်လက်တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ယခင်နှစ် (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင် ၇ ဒသမ ၂၅၃ သန်းရှိခဲ့သဖြင့် ယခုနှစ်တွင် ကျောင်းသားဦးရေ ပိုမိုတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ကျောင်းအပ်နှံပြီးသူများအနက် လက်ရှိအမှန်တကယ် ကျောင်းတက်ရောက်မှုနှုန်းမှာ ၉၈ ဒသမ ၆၅ ရာခိုင်နှုန်းရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၁၀၀၀ ကျော်ရှိသည့်အနက် ကျောင်းပေါင်း ၃၅၀၀၀ ကျော်ဖွင့်လှစ်နိုင်ပါကြောင်း၊ ကျန်သည့် ၃၀ ရာခိုင်နှုန်းကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သုံး / လေးနှစ်တာကာလအတွင်း ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် ကျောင်းများပိတ်ခဲ့ရပါကြောင်း၊ လုံခြုံရေးအခြေအနေနှင့် လမ်းပန်း ဆက်သွယ်ရေးအခြေအနေများကြောင့် ကျောင်းမသွားနိုင်ကြပါကြောင်း၊ သို့သော်လည်း ကလေးများသည် အသက်ကြီးလာပြီး အတန်းငယ်နေကြပါကြောင်း၊ ယင်းကလေးများသည် Self study သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပညာရေးကို မြှင့်တင်နေသည့်ကလေးများ ရှိပါကြောင်း၊ ယင်းကလေးများ၏ အသက်အရွယ်နှင့် အတန်းများသည် အခြေအနေအကြောင်းကြောင်းကြောင့် မကိုက်ညီသည့်အနေအထားမျိုး ဖြစ်နေပါကြောင်း၊ ထို့ကြောင့် Placement test ကို ဆောင်ရွက်ပြီး အဆင့်နှင့်ကိုက်ညီသည့် အတန်းကို ဝင်ရောက်ဖြေဆိုရန် ဖြစ်ပါကြောင်း၊ သို့သော် အထက်တန်းသည် ပြင်ပဖြေဖြင့် ဝင်ရောက်ဖြေဆို၍ရသဖြင့် မူလတန်းနှင့် အလယ်တန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်သိန်းခြောက်သောင်းကျော် စာရင်းသွင်းပြီး တစ်သိန်းလေးသောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ပါကြောင်း၊ မနက်ဖြန် အောင်စာရင်းထွက်မည် ဖြစ်ပါကြောင်း။

ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများ ကျောင်းသား ကျောင်းသူအရေအတွက် ၇၃ ရာခိုင်နှုန်း ကျောင်းတက်သည်ကို တွေ့ရပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စုစုပေါင်း ၂၂၃ ကျောင်းတွင် ၂၁၆ ကျောင်း ဖွင့်လှစ်နိုင်ပါကြောင်း၊ တွဲဖက်ဖွင့်ထားသည့် ကျောင်း ၁၃ ကျောင်းရှိပါကြောင်း၊ လုံးဝမဖွင့်လှစ်နိုင်သည့် ကျောင်းခုနစ်ကျောင်းသာ ရှိပါကြောင်း၊ ဇွန် ၂၉ ရက်က ထုတ်ပြန်သွားသည့် Grade 12 (၁၂)တန်း အောင်စာရင်းဖြစ်ပါကြောင်း၊ ဖြေဆိုသူ နှစ်သိန်းငါးသောင်းငါးထောင်ရှိပြီး အောင်မြင်သည့်ဦးရေ တစ်သိန်းသုံးသောင်းသုံးထောင်ကျော်ဖြစ်သည့်အတွက် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်း အောင်မြင်ပါကြောင်း၊ ယခင်နှစ်များထက် ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ပြည်သူများအကြား စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ မြန်မာ့မီးရထား DEMU ရထားဖြစ်ပါကြောင်း၊ DEMU ရထားသည် သန့်ရှင်းပြီး Aircon များ ပါဝင်ကာ အချိန်အားဖြင့် တိကျပါကြောင်း၊ ယခုနောက်ပိုင်းတွင် ထပ်မံ၍ မန္တလေး-ရန်ကုန် တိုးချဲ့ပြီး ပြေးဆွဲနေပြီဖြစ်ပါကြောင်း၊ ယင်းရထား၏အားသာချက်သည် ငွေကျပ် နှစ်သောင်းကျော်သာပေးရပြီး ရန်ကုန်မြို့လယ်ကောင်၊ မန္တလေးမြို့လယ်ကောင် ရောက်သွားပါကြောင်း၊ စရိတ်စက များလည်း များစွာသက်သာပြီး သွားရေးလာရေးတွင်လည်း သက်သောင့်သက်သာရှိပါကြောင်း၊ မနက်ဖြန်ဆိုလျှင် ရန်ကုန်-မော်လမြိုင်-ရန်ကုန် နေ့ချင်းပြန် စတင်ပြေးဆွဲမည်ဖြစ်ပါကြောင်း၊ စီမံချက်ထဲတွင် အောင်မြင်သည့် လုပ်ငန်းစဉ်တစ်ခုဟု ပြော၍ရပါကြောင်း၊ နေပြည်တော်-ရန်ကုန်တိုးချဲ့ရန်ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတော်သမ္မတရုံး သတင်းနှင့် ပြန်ကြားရေးဖျူရိုကို PPIB ဟု ခေါ်ပါကြောင်း၊ ယင်းကိုမိတ်ဆက်ရသည့် ရည်ရွယ်ချက် နှစ်ခုရှိပါကြောင်း၊ ပထမတစ်ခုမှာ Website ထဲတွင် သတင်းမှန်များ ဖော်ပြပေးလျက်ရှိပါကြောင်း၊ PPIB နှင့်ပတ်သက်၍ Website၊ Telegram၊ YouTube၊ TikTok တို့ ရှိပါကြောင်း၊ လေးခုစလုံး စတင်လည်ပတ်နေပြီဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ပါကြောင်း၊ ည ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီသတင်းအထိ စောင့်စရာမလိုဘဲ ခရီးစဉ်နှင့် ပတ်သက်ပါကလည်း ဆောင်ရွက်နေစဉ်ကာလအတွင်း သတင်းများကို တင်ဆက်ပေးနေပါကြောင်း။

မိမိအနေဖြင့် မေးမြန်းလာသည့် မေးခွန်းများကို မြန်မြန်ဖြေနိုင်သည့်ကိစ္စဖြစ်ပါက ချက်ချင်းဖြေပေးမည်ဖြစ်ပြီး အချက်အလက် စုဆောင်းရမည့်ကိစ္စဆိုပါက အချက်အလက်စုဆောင်းပြီး ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါကြောင်း။

သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်၍ နှစ်ဖွဲ့ရှိပါကြောင်း၊ တစ်ဖွဲ့မှာ နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့ ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ မူဝါဒ၊ နိုင်ငံတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စီမံကိန်းများ၊ နိုင်ငံတော်အဆင့်ကိစ္စရပ်များ သိရှိလိုပါက မိမိအားဆက်သွယ်ပြီး မေးမြန်းနိုင်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့် အခြားသိလိုသည့် အကြောင်းအရာများကို သိရှိလိုပါက ပြည်ထောင်စုအစိုးရသတင်းထုတ်ပြန်ရေး


နေပြည်တော် မှခင်းနှင့် သတင်းစုံဂျာနယ်မှ ဦးမင်းမောင် မေးမြန်းစဉ်။

အဖွဲ့ရှိပြီး ယင်းအဖွဲ့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း / ပြည်ပ သတင်းဌာနများမှ မေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

နေပြည်တော် မှခင်းနှင့် သတင်းစုံဂျာနယ်မှ ဦးမင်းမောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်းတွေ့ရှိထားသော ကမ္ဘာတွင်ဒုတိယအကြီးဆုံး သဘာဝဓာတ်ငွေ့သိုက်ကြီးကို မည်သည့်အချိန်တွင် မည်သည့်နိုင်ငံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားရာတွင် သတင်းစာများ၌လည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ လေ့လာဆဲဖြစ်ပြီး မည်သူနှင့်ဆောင်ရွက်မည်ကို မသိရသေးကြောင်း၊ ရှာဖွေတွေ့ရှိပြီး Test လုပ်နေသည့်အဆင့်သာ ရှိသေးကြောင်း၊ ဘယ်လောက်ထွက်ရှိနိုင်မည်ကို တရားဝင်ကြေညာခဲ့ပြီး ထွက်နိုင်ခြေရှိသည့် Feasibility Study အနေအထားသာ ရှိပါသေးကြောင်း၊ Test Run အဆင့်သာ ရှိသေးပြီး အသေးစိတ်အချက်အလက်များ သိရသည့်အချိန်တွင် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မြန်မာသံတော်ဆင့် ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်စွာဝင်းက နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည့်အချက်များကိုသိရှိလိုခြင်း မေးခွန်းအပေါ် ဖြေကြားရာတွင် နှစ်နိုင်ငံ ပူးတွဲကြေညာချက်၌ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ကျန်းမာရေးနှင့် လူငယ်ရေးရာကိစ္စရပ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ အစိုးရအချင်းချင်း (G to G) လက်မှတ်ရေးထိုးခဲ့သည့် အစီအစဉ်များထဲတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ရေးထိုးခဲ့ပါကြောင်း၊ အာကာသယာဉ်စေလွှတ်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သကဲ့သို့ အာကာသပညာရပ်ဆိုင်ရာဘာသာရပ်များကိုလေ့လာနိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများကို စေလွှတ်မည့်ကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် AI ကဏ္ဍတွင် အလွန်ဖွံ့ဖြိုးတိုးတက်နေသောကြောင့် နိုင်ငံတော်


မြန်မာသံတော်ဆင့်ဂျာနယ်မှ ဦးကျော်စွာဝင်း မေးမြန်းစဉ်။

သမ္မတကိုယ်တိုင် AI နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် အထူးပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် အဆင့်မြင့်နည်းပညာရပ်များ သင်ယူနိုင်ရန်အတွက် ပညာသင်များစေလွှတ်သွားမည့်အစီအစဉ်လည်း ပါဝင်ကြောင်း ဖြေကြားသည်။

ဆင်ဟွာ သတင်းဌာနမှ သတင်းထောက် ဒေါ်အိမွန်ကျော်၏ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် ဘယ်လိုမြင့်မားသည့် မဟာဗျူဟာအမြင်က ရှုမြင်ပြီး မည်သို့တိုးတက်အောင် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားရာတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့သည့် အိမ်နီးနားချင်းကောင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်ကိုင်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင် ဆက်လက်လုပ်ဆောင်နေသကဲ့သို့ ခရီးစဉ်တွင်လည်း အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ရန် နှစ်ဖက် သဘောတူညီခဲ့ကြကြောင်း၊ တရုတ်နိုင်ငံကဦးဆောင်သည့် Global Initiatives များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နေပြီး ယင်းသည် နှစ်နိုင်ငံအကြားရေရှည် စီမံကိန်းအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ကြောင်း၊ GDI၊ GSI အပါအဝင် သဘောတူညီချက်စာလွှာလေးခုစလုံးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏ Multi-polar World Order အစီအစဉ်တွင် မြန်မာနိုင်ငံက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေခြင်းကို ပြသနေခြင်းဖြစ်ကြောင်း။

ထို့ပြင် SCO ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို အဆင့်မြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ တစ်ဆင့်ချင်း သတင်းထုတ်ပြန်မှုများကိုလည် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ One China Policy ကို အပြည့်အဝထောက်ခံသည်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ကြောင်း။

BRI နှင့် CMEC စီမံကိန်းများသည် မြန်မာနိုင်ငံအတွင်းမှဖြတ်၍ တရုတ်နိုင်ငံအနောက်ဘက်ထွက်ပေါက် အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကတိုက်သို့သွားရန်


ဆင်ဟွာသတင်းဌာနမှ ဒေါ်အိမွန်ကျော် မေးမြန်းစဉ်။

အတိုဆုံးလမ်းကြောင်း ဖြစ်သောကြောင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံသည် နယ်စပ်ဒေသနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းစဉ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်သည့် အနေအထားတွင် ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုသာ နှစ်နိုင်ငံ၏ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေး ၇၆ နှစ်၊ အေးအတူပူအမျှ အသိုက်အဝန်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားနှင့်ပတ်သက်၍ အဓိက(၂)ချက်ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဟု တရုတ်နိုင်ငံ သမ္မတကြီးကိုယ်တိုင်နှင့် ဝန်ကြီးချုပ်တို့က ကတိပြုပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၊ အာဆီယံမျက်နှာစာတွင်မြန်မာနိုင်ငံကိုနိုင်ငံတကာတွင်တန်းတူရည်တူ ညီမျှစွာ ပါဝင်နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အစဉ်တစိုက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး ခိုင်ခိုင်မာမာ ထောက်ခံ ရပ်တည်ပေးသွားမည်ဖြစ်ကြောင်းကို အလေးအနက်ပြောကြားခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခွဲခြား၍မရဘဲ အတူတကွပူးပေါင်းဆောင်ရွက်ပြီး ရည်မှန်းချက်ချင်း အတူတူသွားနေသည့် မဟာဗျူဟာမြောက် တရုတ်-မြန်မာ ဆက်ဆံရေးအဆင့်ဖြစ်ကြောင်း ဖြေကြားသည်။ စာမျက်နှာ ၈ သို့ ❒

❐ စာမျက်နှာ ၇ မှ

Myanmar Transparency News သတင်းအေဂျင်စီမှ အကြီးတန်းသတင်းထောက် ဦးကြည်နိုင်က မြစ်ဆုံစီမံကိန်းပြန်လည်လုပ်ဆောင်ရန် ကချင်ပြည်နယ်တွင် ဆွေးနွေးပွဲများ ဆောင်ရွက်နေပြီး ဆက်လက်လုပ်ဆောင်မည်ဆိုပါက ပြည်သူလူထု၏ စိုးရိမ်မှုများအပေါ် မည်သို့ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း မြစ်ဆုံစီမံကိန်းပြန်စရန် ဆွေးနွေးခဲ့သည်များရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရည်မှန်းချက်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းက ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းက ယခုမှလုပ်ဆောင်ခြင်း



Myanmar Transparency News သတင်းအေဂျင်စီမှ ဦးကြည်နိုင် မေးမြန်းစဉ်။

မဟုတ်ကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံစီမံကိန်းကို ယခင်ကတည်းက အကောင်အထည်ဖော်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင်တစ်နိုင်ငံလုံး မီးထိန်ထိန်လင်းနေမည်ဖြစ်ပြီး မီးလင်းခြင်းနှင့်အတူ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ပြောကြားခဲ့ကြောင်း။

မြစ်ဆုံစီမံကိန်းဆောင်ရွက်ရန် နေရာခုနစ်ခုရှိပြီး ဧရာဝတီမြစ်ဆုံ မြစ်ညာ မြစ်ဝှမ်း စီမံကိန်းတစ်ခုတည်းတင်ကို မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတွက် မဂ္ဂါဝပ် တစ်သောင်းကျော်လိုအပ်သည့်အတွက် ကျန်သည့်ခြောက်ခုနှင့် ပေါင်းပါက မိမိတို့နိုင်ငံအတွက် ရာနှုန်းပြည့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပြည်သူများ၏ စိုးရိမ်ပူပန်မှုများရှိသကဲ့သို့ နိုင်ငံတော်သမ္မတကြီးကလည်း စိုးရိမ်ပူပန်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး ယာယီသမ္မတ တာဝန်ယူထားစဉ်ကာလက ဒေသခံပြည်သူများ သဘောမတူပါက စီမံကိန်း အောင်မြင်ရန်မလွယ်ကူကြောင်း၊ ဒေသခံပြည်သူများ၏ သဘောထားရယူရန် လမ်းညွှန်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ဒေသခံကော်မတီများ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ၂၄ ဦးနှင့် ဖွဲ့စည်းပြီး ဒေသခံပြည်သူလူထုနှင့် မြေပြင်တွင် တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များထွက်ရှိခဲ့ပြီး မထုတ်ပြန်ရသေးပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်ပြီး ပြောရမည်ဆိုပါက ဆွေးနွေးခဲ့သူများ အားလုံးက လျှပ်စစ်မီးလိုချင်ကြကြောင်း၊ ဒေသခံများအားလုံးလည်း လျှပ်စစ်မီးလိုချင်ကြောင်း။

သို့သော် ဒေသခံတချို့တွင် သတင်းအမှားများ ရရှိနေကြောင်း၊ စီမံကိန်း ဆောင်ရွက်လိုက်ပါက ယင်းစီမံကိန်းဝန်းကျင်ရှိ ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များအတွက် စိုးရိမ်ပူပန်မှုများရှိပါကြောင်း၊ ယင်းအတွက် ကောင်းကျိုးဆိုးကျိုးမည်မျှ ဖြစ်နိုင်သည်ကို မိမိတို့ အသေးစိတ်ဆန်းစစ်လေ့လာနေကြောင်း၊ စီမံကိန်းတိုင်းတွင် အကောင်း၊ အဆိုးရှိနိုင်သည့်အတွက် Check and balance လုပ်ပြီး အကောင်းရာခိုင်နှုန်းများပါက စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းသည် အကြမ်းဖျင်းအားဖြင့် ကောင်းကျိုးများစွာရှိသကဲ့သို့ ဆိုးကျိုးလည်း အနည်းငယ်ရှိနိုင်ပါကြောင်း၊ ရှိနိုင်သည့်ဆိုးကျိုးကိုလည်း အကောင်းဆုံးနှင့် အနည်းဆုံးဖြစ်အောင် ပညာရှင်များဖြင့် တွက်ချက်ပြီး တရားဝင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

(ဆက်လက်ဖော်ပြပါမည်)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၃၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၀ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Nguyen Xuan Loc နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရတနာပုံတက္ကသိုလ်၌ ICT Activities ပြပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၃၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် International Girls in ICT Day 2026 အထိမ်းအမှတ် ICT Act-ivities ပြပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမနှင့် ICT Activities ပြခန်းများ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ်ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အမရပူရမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဇော်မင်း၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမရပူရခရိုင် ပညာရေးမှူး ဒေါ်ထုလွှမ်၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ အမရပူရမြို့နယ်ရှိ အခြေခံကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၅၀ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ‘နေ့စဉ် လူမှုဘဝတွင် အိုင်စီတီနည်းပညာ၏ အခန်းကဏ္ဍ၌ အမျိုးသမီးများ နောက်ကျမကျန်ခဲ့စေရန် အိုင်စီတီနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုအသုံးပြုလာစေရေး သတင်းအချက်အလက်များကို ဖန်တီးခြင်း၊ မျှဝေခြင်း၊ စုစည်းသိုလှောင်ခြင်းများကို ကျွမ်းကျင်စွာအသုံးပြုတတ်စေရေး၊ အိုင်စီတီကို အသုံးပြုပြီး Social Media များ အသုံးပြုရာတွင် လုံခြုံမှု၊ စိန်ခေါ်မှုများ အရေးကြီး လာမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ ကောင်းကျိုးများရှိသလို ဆိုးကျိုးများ၏ အကျိုးရလဒ်များအကြောင်း’ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယပိုင်းအစီအစဉ်တွင် အခမ်းအနားသို့ တက်ရောက်လာသူများက ဘာသာရပ်အသီးသီးတွင် ခင်းကျင်းပြသထားသည့် ICT Table Show ပြခန်းများ ပိုစတာများ၊ ICT နည်းပညာနှင့် ပညာရေးအထောက်အကူပြု ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (၀၈၂)

# သဘင်မိသားစုများ ပညာသင်ဆုလျှောက်ထားနိုင်

**မန္တလေး ဇွန် ၃၀**

မြန်မာနိုင်ငံသဘင်အစည်းအရုံးအနေဖြင့် သဘင်မိသားစုများ၏ သား၊ သမီးများ အောင်မြင်မှုအတွက် ဂုဏ်ပြုပံ့ပိုးသောအားဖြင့် ပညာထူးချွန်ပြီး ပညာရေးခရီးဆက်လက်လျှောက်လှမ်းရန် အခက်အခဲရှိသော သဘင်မိသားစုများ၏ သား၊ သမီးများအား ပညာသင်ဆု ချီးမြှင့်ပေးသွား မည်ဖြစ်သည်။

အခြေခံပညာအထက်တန်းတက္ကသိုလ်ဝင်တန်းကို အောင်မြင်ကြသော မြန်မာနိုင်ငံတစ်ဝန်းမှ သဘင်မိသားစု ကျောင်းသား၊ ကျောင်းသူများ ပညာသင်ဆုရယူရန် လျှောက်ထားလိုသူများသည် (၁)ကိုယ်ရေးအကျဉ်း၊ (၂)သဘင်မျိုးဆက်စစ်မှန်ကြောင်း အထောက်အထား၊ (၃) တက္ကသိုလ်ပညာဆက်လက်သင်ယူရန် မည်သို့အခက်အခဲရှိကြောင်း တင်ပြမှုနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘင်အစည်းအရုံးများသို့လည်းကောင်း၊ ဗဟိုသဘင်ရုံးသို့ တိုက်ရိုက်ဆက်သွယ်၍ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ (၀၄၅)

# တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ခံစစ်စခန်းတစ်ခုနှင့် အကြမ်းဖက်သမားများယာယီစိုးမိုးထားသည့် ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇွန် ၃၀**

တပ်မတော် စစ်ကြောင်းများ အနေဖြင့်ကလေး-တမူးဆက်သွယ် ရေးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှချီတက်လာသော စစ်ကြောင်းသည် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ဇွန် ၂၉ ရက်တွင် ကျွန်းတောရေရှင် ကျေးရွာ၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ မသင်္ကာဖွယ် အဆောက်အအုံများ တွေ့ရှိသဖြင့် စစ်နည်းဗျူဟာမြောက် ချီတက် ရှင်းလင်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုနေထိုင်သည့် စခန်းအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများသည် ထိခိုက် သေဆုံးမှုများစွာဖြင့် ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်းသိရသည်။

အဆိုပါနေရာအား အသေးစိတ် ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမား များနေထိုင်သည့် သွပ်မိုးပျဉ်ကာ လူနေအိမ် တစ်လုံး၊ ၁၀ ဦးခန့် နေထိုင်သည့် သက္ကယ်မိုးထရံကာ ယာယီတဲလေးလုံး၊စားချက်ဆောင် များ၊ အချုပ်ခန်းများကို သိမ်းပိုက် ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများသည် အဆိုပါ ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား နယ်မြေလုံခြုံ ရေးလုပ်ငန်းများကို ဆောင်ရွက် ခဲ့ရာ ယနေ့တွင် အကြမ်းဖက် သမားများ စစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက် နေထိုင်သည့် ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်း များကို သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ များအနေဖြင့် ကနန်ကျေးရွာအား ယာယီစိုးမိုးထားစဉ် ဒေသခံ ပြည်သူလူထု၏ ကိုယ်ကျိုးစီးပွား ကိုမငဲ့ကွက်ဘဲ ကျေးရွာရှိ ပြည်သူ များ၏ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ ပြည်သူပိုင် အဆောက်အအုံများ၊ အများ ပြည်သူ သွားလာအသုံးပြုလျက် ရှိသည့် လမ်းဘေးဝဲ၊ ယာများတွင် ဘန်ကာများ တည်ဆောက်၍ လည်းကောင်း၊ ကျေးရွာများ အတွင်း ပြည်သူလူထုနေအိမ်ဝင်း များအတွင်းနှင့် လမ်းမများပေါ် တွင် မိုင်းများထောင်ထား၍ လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများတူးဖော်၍ လည်း ကောင်း၊ အခိုင်အမာခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထား သည်ကို တွေ့ရှိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ဒေသခံပြည်သူများ ပြန်လည် ဝင်ရောက်နေထိုင်စဉ် အန္တရာယ်ကင်းရှင်းစေရေးအတွက် အကြမ်းဖက်သမားများ၏ ယုတ်မာ ရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအား ရှင်းလင်းပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်မွမ်းမံ ပြုပြင်ပေးခြင်း၊ စာသင်ကျောင်း များ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေး ခြင်းစသည့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို ဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကလေး-တမူး ဆက်သွယ်ရေး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝများ အမြန်ဆုံးဖော်ဆောင် ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး-တမူး လမ်းကြောင်းပေါ်ရှိ ကနန်ကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိမှု။


ကနန်ရွာရှင်းလင်းစဉ် အကြမ်းဖက်သမားများထံမှ သိမ်းဆည်း ရရှိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။


တပ်မတော်စစ်ကြောင်းများက ကျွန်းတောရေရှင်ကျေးရွာအနီး ရှိအကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကနန်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

## မိုးနှမ်း(ဆင်းရတနာ-၁၄)မျိုးကို (LPCRFDP) စက်ဖြင့် Radiation ပေး၍ ဆောင်ရွက်သည့် စံပြကွက် အပင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲ ကျင်းပ

**သရက် ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး၊သရက် မြို့၌ မိုးနှမ်း(ဆင်းရတနာ-၁၄) မျိုးကို (LPCRFDP)စက်ဖြင့် Radiation ပေး၍ ဆောင်ရွက် သည့် စံပြကွက်(၁၀)ဧကတွင် အပင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲ ကျင်းပခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ပိဿလိမ်းအုပ်စု၊ သဲဖြူ ကျေးရွာ တောင်သူဦးသိန်းဌေး၏ ယာမြေတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နေအောင်က ကွင်းသရုပ်ပြသပွဲ ဆောင်ရွက် ရခြင်းရည်ရွယ်ချက်နှင့် လက်ရှိ အပင်ဖြစ်ထွန်းမှု အခြေအနေများ ကို ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး မျိုးစေ့များကို (LPCRFDP) စက်ဖြင့် Radiation ပေးခြင်း၊ အပင်သန်စွမ်းခြင်း၊ ပိုးမွှားရောဂါ ဒဏ်ခံနိုင်ရည်ရှိခြင်း၊ အပင်ပေါက် မြန်ဆန်ခြင်းစသည့် အခြေအနေ များကို လက်တွေ့ Data များ နှင့် ရှင်းလင်းပြသပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သရက် ခရိုင် မြေအသုံးချတာဝန်ခံ၊ မျိုးစေ့ တာဝန်ခံ၊ သီးနှံကာကွယ်ရေး တာဝန်ခံတို့နှင့် မြို့နယ်ဦးစီးမှူး၊ ခရိုင်/မြို့နယ်ဝန်ထမ်းများ တောင်သူ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက် ခဲ့ကြောင်း သိရသည်။ **ဇော်ထက်**



# မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများအား အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိ



**မန္တလေး ဇွန် ၃၀**

သဲဖြူတောရ ဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာန မဟာနာယက ဒေါက်တာဘဒ္ဒန္တပညာဇောတ အားအမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများအား အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်း အစီအစဉ်ကို ဇွန် ၂၉ ရက်မှ စတင်၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်တွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရိုစိုး၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီး ဒေါက်တာရီလင်းဦးဆောင်သည့် ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အေးမိုးထက်၊ ပါမောက္ခဒေါက်တာ သန်းထွန်းအောင်နှင့် ဆရာဝန်ကြီးများအဖွဲ့တို့က မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်ရက်အတွင်း မျက်စိဝေဒနာရှင်ပေါင်း ၈၉၈ဦးကို လက်ခံဆောင်ရွက်ပေးခဲ့ပြီး အတွင်းတိမ်မျက်စိဝေဒနာရှင် ၁၉၁ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ဇူလိုင် ၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများကို အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းအား လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အတွင်းတိမ်မျက်စိဝေဒနာရှင်များကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး (မန္တလေး)တွင် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံတွဲဘာသာရပ်ဖြင့် တစ်နိုင်ငံလုံး ဒုတိယဆွတ်ခူးရရှိခဲ့သူ မောင်စည်သူဗိုလ်နှင့် တွေ့ဆုံမေးမြန်းခြင်း

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရလဒ်များကို ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်စည်သူဗိုလ် (ခုံနံပါတ် မနအ-၁၄၁) သည် စုစုပေါင်းရမှတ် ၅၅၆ မှတ်ဖြင့် သိပ္ပံတွဲဘာသာရပ်တွင် တစ်နိုင်ငံလုံး ဒုတိယနေရာကို ဂုဏ်ယူဖွယ်ရာ ဆွတ်ခူးရရှိခဲ့ပါသည်။

မိသားစုတွင် ညီအစ်ကိုနှစ်ယောက်ရှိသည့်အနက် သားအကြီးရတနာဖြစ်ပြီး ၎င်း၏ ညီငယ်မှာလည်း စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် Grade 11 ၌ ပညာသင်ကြားနေပါသည်။ မန္တလေးမြို့တွင် နေထိုင်ကာ တစ်နိုင်ငံလုံး အဆင့်အတန်းမြင့်မားလှသည့် ရလဒ်ကောင်းကို ထူးချွန်စွာ ဆွတ်ခူးရရှိခဲ့သူ မောင်စည်သူဗိုလ်အား မန္တလေးနေ့စဉ်သတင်းစာမှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**တစ်နိုင်ငံလုံး ဒုတိယရရှိမှုအပေါ် ရင်တွင်းစကား**

**မေး။** ။ တစ်နိုင်ငံလုံးမှာ ဒုတိယနေရာ ရရှိခဲ့တဲ့အတွက် ခံစားချက်လေး ပြောပြပေးပါဦး။

**ဖြေ။** ။ ဒီလိုမျိုး ရလဒ်ထူးရရှိခဲ့တဲ့အတွက် တကယ်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကိုယ်ကြိုးစားအားထုတ်ခဲ့သမျှ အရာထင်ထင် ဖြစ်မြောက်လာတယ်လို့ ခံစားရတဲ့အတွက် တကယ်ပဲ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုမျိုး တစ်နိုင်ငံလုံးအဆင့် ရလဒ်ကြီး ထွက်လာလိမ့်မယ်လို့တော့ ကြိုတင်မျှော်လင့်မထားခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော် စိတ်ထဲမှာ တွေးထားတာကတော့ ကိုယ်လုပ်တဲ့ အလုပ်မှန်သမျှကို အကောင်းဆုံး ဖြစ်အောင်လုပ်မယ်၊ အဲဒီလို အကောင်းဆုံး ကြိုးစားအားထုတ်ထားတဲ့အတွက် နောက်ဆုံးထွက်ပေါ်လာမယ့် ရလဒ်ကလည်း အကောင်းဆုံးပဲ ဖြစ်ရမယ်လို့ ခိုင်ခိုင်မာမာ တွေးတောခဲ့ပါတယ်။

**စာမေးပွဲအတွက် ပြင်ဆင်ခဲ့ရပုံများ**

**မေး။** ။ စာမေးပွဲဖြေဆိုဖို့အတွက် နှစ်စကနေ အဆုံးအထိ ဘယ်လိုမျိုး ပြင်ဆင်လေ့လာခဲ့ပါသလဲ။

**ဖြေ။** ။ ထူးထူးခြားခြားနဲ့ အများကြီး ပိုလုပ်ခဲ့တာမျိုးတော့ မရှိပါဘူး။ အဓိကကတော့ ဆရာ၊ ဆရာမတွေ သင်ကြားပြသပေးခဲ့တဲ့ သင်ခန်းစာတွေကို တစ်နေ့စာ တစ်နေ့ ကြေညက်အောင် ကျက်မှတ်တယ်၊ ကျက်မှတ်လို့ ရလာတဲ့ စာတွေကိုလည်း ပြန်လည်လေ့ကျင့်တယ်၊ ထပ်ခါတလဲလဲ အလွဲအမှားမရှိအောင် လေ့ကျင့်ချရေးခဲ့ပါတယ်။ အဲဒီလို ပုံမှန်ဇွဲရှိရှိ လုပ်ဆောင်ခဲ့တဲ့အတွက်ကြောင့်ပဲ အခုလို ရလဒ်ကောင်းတွေ ရရှိလာတာလို့ ထင်မြင်မိပါတယ်။

**မိဘ၊ ဆရာ၊ ဆရာမများ၏ ပံ့ပိုးကူညီမှု**

**မေး။** ။ မိဘ၊ ဆရာ၊ ဆရာမတွေကော ဘယ်လိုမျိုး ပံ့ပိုးကူညီပေးခဲ့ကြပါလဲ။




**ဖြေ။** ။ ဆရာ၊ ဆရာမတွေရဲ့ ပံ့ပိုးကူညီမှုကတော့ စကားလုံးတွေနဲ့ ဖော်ပြလို့ မရနိုင်လောက်အောင်ကို ကြီးမားလွန်းလှပါတယ်။ ကျွန်တော် အခုလို ထူးထူးချွန်ချွန် ဖြစ်လာသမျှ အရာအားလုံးဟာ ဆရာ၊ ဆရာမတွေရဲ့ ပံ့ပိုးမှုက အဓိကအကျဆုံး အစိတ်အပိုင်း အဖြစ်ပါဝင်နေပါတယ်။ ဆရာတို့ရဲ့ သင်ပြမှုတွေက ခက်ခဲတဲ့ သင်ခန်းစာတွေကို လွယ်လွယ်ကူကူ နားလည်သဘောပေါက်သွားစေသလို လေ့ကျင့်ပေးမှုတွေကလည်း စနစ်တကျ ကောင်းမွန်လွန်းတဲ့အတွက် ကျွန်တော် ဒီနေ့လို အခြေအနေမျိုးကို ရရှိလာတာဖြစ်ပါတယ်။ အနီးကပ် ဂရုတစိုက် အားပေးမှုတွေကလည်း ကျွန်တော်တို့အတွက် အကောင်းဆုံး ရလဒ်တွေ ထွက်ပေါ်လာစေဖို့ ခွန်အားဖြစ်စေခဲ့ပါတယ်။

**စာမေးပွဲအတွက် ဘာသာရပ်အလိုက်ပြင်ဆင်မှု**

**မေး။** ။ စာမေးပွဲအတွက် ဘာသာရပ်အလိုက် ဘာတွေ ပြင်ဆင်ခဲ့ရလဲ။

**ဖြေ။** ။ ဘာသာရပ်အလိုက်တော့ အများကြီး စနစ်တကျ ပြင်ဆင်ခဲ့ရတာတွေ ရှိပါတယ်။ အားလုံးကို ခြုံငုံပြီး ပြောရမယ်ဆိုရင်တော့ တစ်နေ့စာတစ်နေ့ မပျက်မကွက် ကျက်မှတ်ကြဖို့နဲ့ ရရှိသမျှ စာတွေအားလုံးကို ထပ်ခါတလဲလဲ လေ့ကျင့်နေဖို့ပါပဲ။ အဓိကအကျဆုံးကတော့ 'လေ့ကျင့်မှု'ပါပဲ။ လေ့ကျင့်မှု များများလုပ်လေ ထွက်လာတဲ့ ရလဒ်က ပိုပြီးကောင်းမွန်လေ ဖြစ်ပါတယ်။ စာမေးပွဲမှာ အမှတ်ကောင်းရရှိဖို့အတွက်ဆိုရင် ဆရာ၊ ဆရာမတွေရဲ့ ညွှန်ကြားပြောဆိုစကားကို သေသေချာချာ ရိုသေစွာ နားထောင်ရမယ်၊ ပြီးတော့ ထပ်ခါတလဲလဲ လေ့ကျင့်မယ်ဆိုရင် မလွဲမသွေ အမှတ်ကောင်းတွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။

**တစ်နှစ်တာ အခက်အခဲများ ကျော်ဖြတ်မှု**

**မေး။** ။ စာမေးပွဲဖြေဆိုဖို့ စာတွေလေ့လာခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ဘာတွေ အခက်အခဲရှိခဲ့သလဲ၊ အဲဒါတွေကိုကော ဘယ်လိုမျိုး ကျော်ဖြတ်ခဲ့ရသလဲ။

**ဖြေ။** ။ အခက်အခဲဆိုတာကတော့ လူတိုင်းမှာ ရှိတာပါပဲ၊ ကျွန်တော့်မှာလည်း ရှိခဲ့ပါတယ်။ စာတွေမကျက်နိုင်တာမျိုး ရှိတယ်၊ ကိုယ်က စိတ်ပါသလောက် ခန္ဓာကိုယ်က မလိုက်နိုင်ဘဲ ပင်ပန်းနွမ်းနယ်တာမျိုးတွေလည်း ရှိခဲ့ပါတယ်။ အဲဒီအခါမျိုးမှာ ကိုယ့်ကိုယ်ကို ပြန်ပြီး အားပေးရပါတယ်။ ဘေးက သူငယ်ချင်းတွေ၊ ဆရာ၊ ဆရာမတွေရဲ့ အားပေးမှုတွေ၊ မိဘတွေရဲ့ နားလည်ပေးတဲ့ အားပေးမှုတွေနဲ့အတူ ကိုယ့်ကိုယ်ကိုလည်း စိတ်ဓာတ်မကျအောင် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ အဲဒီလို ဝန်းရံပေးတဲ့ အားပေးမှုတွေကြောင့်ပဲ အခက်အခဲအားလုံးကို ဇွဲရှိရှိနဲ့ ကျော်ဖြတ်ခဲ့ရတာ ဖြစ်ပါတယ်။ အခု ကျွန်တော်ရရှိသမျှ ဂုဏ်ဒြပ်အားလုံးဟာလည်း မိဘနဲ့ ဆရာသမားအားလုံးရဲ့ အဘက်ဘက်က ပံ့ပိုးကူညီမှုကြောင့်သာ ရရှိခဲ့တာဖြစ်ပြီး ကျွန်တော်တစ်ယောက်တည်း သက်သက်ဆိုရင်တော့ ဒီလို ထူးချွန်တဲ့ အဆင့်အထိ ရောက်ရှိဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

**ညီ၊ ညီမငယ်လေးများအတွက် အကြံပြုချက်များ**

**မေး။** ။ နောင်တက်လာမယ့် ညီ၊ ညီမငယ်လေးတွေအတွက် အကြံပြုချက်လေးများ ရှိရင် ဝေမျှပေးပါဦး။

**ဖြေ။** ။ အဓိကကတော့ ဆရာ၊ ဆရာမတွေရဲ့ စကားကို မြေဝယ်မကျ နားထောင်ကြဖို့လိုပါတယ်။ စာတွေကိုလည်း ပုံမှန်သေသေချာချာ ဇွဲရှိရှိ လေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပြီးတော့ တကယ်တမ်း စာမေးပွဲခန်းထဲ ရောက်တဲ့အခါကျရင်လည်း စိုးရိမ်စိတ်တွေမထားဘဲ 'ငါလုပ်နိုင်တယ်၊ ငါတတ်နိုင်တယ်'ဆိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ အားတင်းထားဖို့ တကယ်ကို လိုအပ်ပါတယ်။

**အနာဂတ်အတွက် စိတ်ကူးများ**

**မေး။** ။ အခုဆို စာမေးပွဲရလဒ်တွေလည်း သိရှိပြီးပြီဆိုတော့ နောင်အနာဂတ်မှာ ဘာတွေ ဆက်လုပ်သွားမလဲ၊ ဘယ်တက္ကသိုလ်ကို ဆက်လက်တက်ရောက်ဖို့ စိတ်ကူးရှိပါသလဲ။

**ဖြေ။** ။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးရင် ဆေးတက္ကသိုလ်ကို ဆက်လက်တက်ရောက်ချင်ပါတယ်။ မွန်မြတ်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်လာပြီးတဲ့နောက်ပိုင်းမှာ မိမိတို့ တိုင်းရင်းသား ပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးချင်ပါတယ်။ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ကို Grade 10 ကနေ Grade 12 အထိ စနစ်တကျ ပညာသင်ကြားပေးခဲ့တယ်၊ အဘက်ဘက်က ပံ့ပိုးပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ပြီး ကျွန်တော့်ရဲ့ မိဘတွေ၊ သူငယ်ချင်းတွေ အကုန်လုံးနဲ့ ကျွန်တော့်အပေါ် စေတနာထားခဲ့ကြတဲ့ ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**မျိုးသန့်(မန္တလေး)**




## နည်းပြ ဟောင်မြန်ဘို တောင်ကိုရီးယားအသင်းနည်းပြရာထူးမှ နုတ်ထွက်



**ဆိုးလ် ဇွန် ၃၀**

နည်းပြ ဟောင်မြန်ဘိုသည် တောင်ကိုရီးယားအသင်းနည်းပြရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းပရိသတ်များ၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး နည်းပြ ဟောင်မြန်ဘို နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဟောင်မြန်ဘိုသည် တောင်ကိုရီးယားအသင်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၆ ပွဲတွင် ၁၅ ပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ (ဝဲပုံ)

တောင်ကိုရီးယားအသင်းအနေဖြင့် နည်းပြဟောင်မြန်ဘို၏ နေရာတွင် မည်သည့်နည်းပြအား ခန့်အပ်သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## နာဒီယာခရိုဇီမန်းကို ဘရိုက်တန်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၃၀**

ဘရိုက်တန် အမျိုးသမီးအသင်းသည် ဒီဂျွန်အမျိုးသမီးအသင်း တိုက်စစ်မှူး နာဒီယာခရိုဇီမန်းကို ခေါ်ယူခဲ့ကြောင်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒီဂျွန်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ၄၂ ပွဲကစားကာ ရှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန် အမျိုးသမီးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ဘရိုက်တန် အမျိုးသမီးအသင်း၏ထုတ်ပြန်ချက်တွင် "နာဒီယာခရိုဇီမန်းကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကိုအောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားအသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)




## စပီနာဇိုလာ နာပိုလီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၃၀**

နာပိုလီအသင်းသည် အသင်းဝါရင့် နောက်ခံကစားသမား စပီနာဇိုလာကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။




အသက်(၃၃)နှစ်အရွယ်ရှိ စပီနာဇိုလာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမယ့် ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင်လည်း ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(NGB)



## 2026 Grand Est Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၆ ရက်တွင် စတင်မည်

**ပါရီ ဇွန် ၃၀**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Grand Est Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ 2026 Grand Est Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၁၃ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Grand Est Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Grand Est Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတ်ဗြိတိန်တင်းနစ်မယ် Francesca Jones ဖြစ်သည်။ (NGB)

## မေဆန်မောင့်ကို ခေါ်ယူရန် အေစီမီလန်အသင်း ဆွေးနွေး

**မီလန် ဇွန် ၃၀**

အေစီမီလန်အသင်းသည် မန်ယူအသင်း ကွင်းလယ်ကစားသမား မေဆန်မောင့်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။ (ယာပုံ)

ကွင်းလယ်ကစားသမား မေဆန်မောင့်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် မန်ယူအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် မန်ယူအသင်းမှ မေဆန်မောင့်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)




## မန်စီးတီးအသင်းနှင့်အတူ အောင်မြင်မှုများရယူသွားမည်ဟု နည်းပြသစ် မာရက်စကာ ပြောကြား

**လန်ဒန် ဇွန် ၃၀**

မန်စီးတီးအသင်းနည်းပြသစ် မာရက်စကာက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီတွင် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မန်စီးတီး အသင်းသည် နည်းပြ မာရက်စကာကို နည်းပြသစ်အဖြစ် သုံးနှစ်စာချုပ် ချုပ်ဆို၍ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ လက်စတာစီးတီး၊ ပါးမားစသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် မန်စီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။




အသက်(၄၆)နှစ်အရွယ်ရှိ မာရက်စကာက "ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ လာမယ့်ဘောလုံးရာသီမှာ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်သို့ မော်ရိုကိုအသင်း တက်ရောက်



**လန်ဒန် ဇွန် ၃၀**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်သို့ မော်ရိုကို အသင်းတက်ရောက်နိုင်ခဲ့သည်။

မော်ရိုကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂သင်း ရှုံးထွက်အဆင့်တွင် နယ်သာလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မော်ရိုကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၄ ရက်တွင် ကနေဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ဘင်ဂေါ့ဒ်ဖရေးကို တစ်ရာသီအငှားစာချုပ်ဖြင့် ရိန်းဂျားစ်အသင်းခေါ်ယူ

**လန်ဒန် ဇွန် ၃၀**

စကော့တလန်ကလပ် ရိန်းဂျားစ်အသင်းသည် အတ္တလန်တာ အသင်းနောက်ခံကစားသမား ဘင်ဂေါ့ဒ်ဖရေးကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။




ရိန်းဂျားစ်အသင်းသည် ဘင်ဂေါ့ဒ်ဖရေးကို တစ်ရာသီအငှားစာချုပ်အပြင် စတာလင်ပေါင် ၃ ဒသမ ၈ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်ရှိသည့် စာချုပ်ကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရိန်းဂျားစ်အသင်းတွင် ကျောနံပါတ်(၄) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (အောက်ဝဲပုံ)

ရိန်းဂျားစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* လိဒ်စ်အသင်းသည် ပါးမားအသင်း ဂိုးသမား ဇိုင်ယွန်ဆူဇူကီးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂျူလီယန်အယ်လ်ဗာရက်ဇ်သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား(၃၂)သင်း အဆင့်ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁-၇-၂၀၂၆ ည ၁၀း၃၀နာရီ | အင်္ဂလန်-ဒီအာကွန်ဂို | ------- |
| ၂-၇-၂၀၂၆ နံနက် ၀၂း၃၀နာရီ | ဘယ်လ်ဂျီယံ-ဆီနီဂေါ | ------- |
| ၂-၇-၂၀၂၆ နံနက် ၀၆း၃၀နာရီ | အမေရိကန်-ဘော့စ်နီးယား | အမေရိကန် ၁-၀ ဘော့စ်နီးယား (၁၉-၁၂-၂၀၂၃ နိုင်ငံတကာခြေစမ်းပွဲ) |

# မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)က ကြီးမှူး၍ သံဃနာယကနှင့် ဝိနည်းမိုရ် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနား မဟာသုန္ဒရာရာမကျောင်းတိုက်တွင် ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ) က ကြီးမှူး၍ သံဃနာယကနှင့် ဝိနည်းမိုရ်ဆင့်ပွားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမကျောင်းတိုက် (၅)ထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သင်တန်းပို့ချမည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်သည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သံဃနာယကနှင့် ဝိနည်းမိုရ် ဆင့်ပွားသင်တန်းနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများခံယူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်က သံဃနာယကနှင့်ဝိနည်းမိုရ် ဆင့်ပွားသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ဩဝါဒကထာ မိန့်ကြားတော်မူခဲ့သည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုစာအုပ်များ ဆက်ကပ်လှူဒါန်း၍ အနုမောဒနာနှင့် ရေစက်သွန်းချတရား နာယူကြည်ညိုကြပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သံဃနာယက နှင့် ဝိနည်းမိုရ် ဆင့်ပွားသင်တန်းကို ဇူလိုင် ၂ ရက်နေ့အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် တိုင်းဒေသကြီးအတွင်းမှ သံဃာတော်(၉၂)ပါးနှင့် လူပုဂ္ဂိုလ် (၁၈)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










## ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်း၌ ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်သမဝါယမအသင်းရှိ ခန်းမဆောင်၌ ယနေ့ နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ သမဝါယမအသင်းစုစုပေါင်း ၉၁ သင်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်(ကြိုတင်ငွေ) စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀၀ ပေးသွင်းခဲ့ကြောင်း သိရသည်။



အဆိုပါ ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲအခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကိုယ်စား ကြီးကြပ်ရေးမှူး ဦးစံအေးနှင့် သမဝါယမအသင်းများကိုယ်စား ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနမှူး ဒေါ်အေးမာဌွေးတို့က ဝင်ငွေကြေညာလွှာများ ပေးအပ်ခဲ့ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်ချိုက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ချမ်းမြေ့မောင်**
**(မြို့နယ်/ပြန်ဆက်)**

ကန်တော်ကြီး မန္တလာ ဥယျာဉ်သာယာ
ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊
မန်းပျိုဖြူလှယဉ်ကျေးတို့ နားနေ ခွေ့သိပ်။

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသ ကြီးလွှတ်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာ စကားပြောကြားခြင်း၊ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်းအလိုက် အပြန်အလှန် မိတ်ဆက်ခြင်း၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အမှာစကားပြောကြားခြင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆွေးနွေးပြောကြားခြင်း၊ ချင်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဆွေးနွေးပြောကြားခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ရုံးလက်ထောက် ညွှန်ကြားရေးမှူးက မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် ပတ်သက်၍ Power point ဖြင့် ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများအား အပြန်အလှန်ဆွေးနွေး ဖလှယ်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

ထို့နောက် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမနှင့် လွှတ်တော်ရုံးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**






## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများသည် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း ဦးဆောင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးအား မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရေး ဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးပြောကြားခဲ့သည်။

မန္တလေးမြို့သို့ လေ့လာရေးခရီးစဉ်ဖြင့် ရောက်ရှိနေသော ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးနန်းတွင်း မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် မန္တလေးတောင်တော်သို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ တံတားဦးမြို့နယ် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား တွေ့ဆုံ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်မိုးသက်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးလှမျိုးတို့သည် တာဝန်ရှိသူများလိုက်ပါပြီး ဇွန် ၂၉ ရက် မွန်းလွဲပိုင်းက တံတားဦးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ငါးဇင်ရိုင်းကျေးရွာတွင် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးရာသီ စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်မည့်အခြေအနေများ၊ ၂၀၂၆-၂၀၂၇ မိုးစပါးစိုက်ပျိုးရာသီအမီ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စမုံရေငုပ်ပြွန်အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ကင်းတားလက်ဝဲမြောင်းဆည်ရေ သောက်ဧရိယာ ၇၀၀၇၂ ဧကကို စိုက်ပျိုးရေပုံမှန် ပြန်လည်ပေးဝေနိုင်တော့မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသည့်တောင်သူများ၏ မေးမြန်းချက်များအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနမှ တိုင်းဦးစီးမှူးများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများ၊ တံတားဦးခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့၊ တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် မိုးစပါး စိုက်ပျိုးမည့်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**



## နတ်မောက်မြို့နယ် ဥသျှစ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (၁၀)ကြိမ်မြောက် စက်ဝန်းထုတ်ချေးပေး

**နတ်မောက် ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်မျှောင်ကျေးရွာမှ အသင်းဝင်တောင်သူများထံ မြစိမ်းရောင် ကျေးရွာစီမံကိန်း (၁၀)ကြိမ်မြောက်စက်ဝန်းထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြစိမ်းရောင်ကော်မတီ အတွင်းရေးမှူးနေအိမ်တွင် ပြုလုပ်ခဲ့သည်။

နတ်မောက်မြို့နယ် ဥသျှစ်မျှောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း (၁၀)ကြိမ်မြောက် စက်ဝန်းထုတ်ချေးပေးရာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၁ ဦးအတွက် ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၈ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းဝင်တောင်သူ ၇၉ ဦးအတွက် ငွေကျပ် ၃၆ သန်းအား ဒေသခံတောင်သူများရှေ့တွင် အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

# မြန်မာ့တိုင်းရင်းဆေးပညာ ကဏ္ဍသစ်နှင့် ခေတ်မီတိုးတက်လာသော တိုင်းရင်းဆေးတက္ကသိုလ်

မြန်မာ့တိုင်းရင်းဆေးပညာဆိုတာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ ရိုးရာတွေးခေါ်မှုများ၊ ယုံကြည်ချက်၊ လူ့အဖွဲ့အစည်းတို့နှင့် အပြိုင်ဖြစ်ထွန်းလာခဲ့တဲ့ စစ်မှန်တဲ့ မြန်မာ့ရိုးရာအမွေအနှစ်တစ်ခု၊ မွန်မြတ်တဲ့ အသက်မွေးဝမ်းကြောင်း ပညာတစ်ခု ဖြစ်ပါတယ်။ **'အများပြည်သူ အားထားဖွယ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ' 'ပြည်သူလူထုကျန်းမာဖို့ တိုင်းရင်းဆေး ဖြင့်စောင့်ရှောက်စို့'** ဆိုတဲ့ ဆောင်ပုဒ်တွေကို လက်ကိုင်ထားပြီး လက်တွေ့အကောင်အထည်ဖော်နေတဲ့ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနေတဲ့ မြန်မာတစ်နိုင်ငံလုံးမှာ တစ်ကျောင်းတည်းသာရှိတဲ့ တိုင်းရင်းဆေးတက္ကသိုလ်က မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ (၁)လမ်းနှင့် မန္တလေး-မိုးကုတ် မတ္တရာလမ်းကြားမှာ တည်ရှိပါတယ်။ တစ်နည်းအားဖြင့် **'အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခို'** ဆိုတဲ့ စာဆိုနဲ့အညီ အသက်ရှည်ရာ အနှာမဲ့ကြောင်းအတွက် တိုင်းရင်းဆေးပညာတွေ သင်ကြားပေးနေတဲ့ တက္ကသိုလ်ကြီးကတော့ မန္တလေးတောင်ခြေရင်းမှာ ခံ့ခံ့ညားညား တည်ရှိနေပါတယ်။

ဒီတက္ကသိုလ်ကြီးမှာ တက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူများဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာရောက်ကြတာဖြစ်တဲ့အတွက် ကွဲပြားခြားနားတဲ့ တိုင်းရင်းသားပေါင်းစုံတို့ရဲ့ ရိုးရာယဉ်ကျေးမှုများ၊ နောက်ခံများနဲ့ ရှုထောင့်ပေါင်းစုံစုစည်းပြီး တက်ကြွတဲ့ သင်ကြားမှု၊ သင်ယူမှုကို ဖန်တီးပေးနေတာဖြစ်ပါတယ်။

ဒီတက္ကသိုလ်ကြီးကို တိုင်းရင်းဆေးပညာအဆင့်မြှင့်တင်ဖို့ အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်းရဲ့ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက် (Vision 2030)မှာ တိုင်းရင်းဆေးတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ရေး ရည်မှန်းချက်နှင့်အညီ **(၂၀၀၁-၂၀၀၂ ပညာသင်နှစ်)** ကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်မှာ စပြီးဖွင့်လှစ်ခဲ့ပါတယ်။

တက္ကသိုလ်ရဲ့မျှော်မှန်းချက် (VISION) အနေနဲ့ တိုင်းရင်းဆေးပညာသင်ကြားမှု ဗဟိုဌာနအဖြစ် အမျိုးသားအဆင့်ကနေ နိုင်ငံတကာအဆင့်အထိ ဦးဆောင်လျက် ဆောင်ရွက်နိုင်စေရန်ဖြစ်ပါတယ်။ လုပ်ငန်းတာဝန်များ (MISSION)အနေနဲ့ တိုင်းရင်းဆေးတက္ကသိုလ်သည် ၂၁ ရာစုနဲ့ လိုက်လျောညီထွေစွာ တွေးခေါ်ကြံဆတတ်ပြီး ကိုယ်ရည်ကိုယ်သွေးနှင့်ပညာရပ်ဆိုင်ရာ အဆင့်အတန်း မြင့်မားတဲ့ တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ရန်ဆိုပြီး ဦးတည်ဆောင်ရွက်နေကြပါတယ်။

တိုင်းရင်းဆေးတက္ကသိုလ်၏ ရည်ရွယ်ချက် (Objectives)တွေအနေနဲ့ ၁။ မြန်မာ့တိုင်းရင်းဆေးပညာကို ကျွမ်းကျင်စွာ တတ်မြောက်စေရမည်၊ ၂။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရမည်၊ ၃။နိုင်ငံတကာတွင် အစဉ်သဖြင့် ပြောင်းလဲတိုးတက်နေသော တိုင်းရင်းဆေးပညာရပ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာနိုင်ရမည်၊ ၄။ သမားတစ်ဦးတွင်ရှိရမည့် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံ၍ သမားဂုဏ်ကို အစဉ်ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်သူဖြစ်ရမည်၊ ၅။ တိုင်းရင်းဆေးပညာရပ် တိုးတက်မြင့်မားလျက်ရှိသော နိုင်ငံများနှင့်ကုသရေး၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရမည်၊ ၆။ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေး စီမံချက်များတွင် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရမည်။ ၇။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာကို ခေတ်မီ Modern medicine နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရမည်ဆိုတဲ့ ရည်ရွယ်ချက်တွေချမှတ်ပြီး စနစ်တကျ ဆောင်ရွက်နေကြပါတယ်။

**သင်ကြားပေးတဲ့ သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များတွေကတော့** အခြေခံတိုင်းရင်းဆေးပညာဘာသာတွဲ(ခန္ဓာဗေဒ+ဇီဝကမ္မဗေဒ)၊ တိုင်းရင်းဆေးပညာဥပဒေသ၊ ဆေးပစ္စည်းအာနိသင်(တိုင်းရင်း)၊ ဆေးဖက်ဝင်အပင်များ၊ Modern medicine ဘာသာတွဲ(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ)၊ မြန်မာစာ၊ ပါဠိသက္ကတ၊ အင်္ဂလိပ်စာ၊ ရုက္ခဗေဒ၊ တိုင်းရင်းဆေးပညာသမိုင်း၊ အပြုအမူသိပ္ပံ၊ Digitalization & AI study၊ PPDE (Professional and personal development and ethic) ဘာသာရပ်တွေကို သင်ကြားပေးပါတယ်။ ဒီဘာသာရပ်တွေကို ဆေးပညာပထမနှစ်မှာ စတင်သင်ကြားပေးပါတယ်။



ဝိဇ္ဇာရေနုယ၊ ရောဂါဗေဒ(တိုင်းရင်း)၊ ဆေးဝါးဗေဒ(တိုင်းရင်း)၊ နက္ခတ္တနယ၊ အဏုဇီဝဗေဒ(အနောက်တိုင်း)၊ ရောဂါဗေဒ(အနောက်တိုင်း)၊ ပါဠိသက္ကတ၊ အင်္ဂလိပ်စာ၊ အာဟာရဓာတ်စာ၊ လူနာချဉ်းကပ်(တိုင်းရင်း)၊ ဆေးဝါးဗေဒ(အနောက်တိုင်း)၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ(အနောက်တိုင်း)၊ လူနာချဉ်းကပ်(အနောက်တိုင်း)၊ သုတေသနကျင့်ဝတ်၊ PPDE ဘာသာရပ်တွေကိုတော့ ဆေးပညာဒုတိယနှစ်မှာ သင်ကြားပေးပါတယ်။

**အဓိက ဘာသာတွေဖြစ်တဲ့ တိုင်းရင်းဆေးပညာဘာသာရပ်တွေကိုတော့ တတိယနှစ်နဲ့ စတုတ္ထနှစ်တွေမှာ သင်ကြားပေးမှာပါ။**

၁။ ဒေသနာနယ၊ ၂။ ဘေသဇ္ဇနယ၊ ၃။ နက္ခတ္တနယ၊ ၄။ ဝိဇ္ဇာဓရနယ၊ ၅။ ဆေးပညာဥပဒေသ၊ ၆။ လူနာချဉ်းကပ်(တိုင်းရင်း)၊ ၇။ စိတ္တဗေဒ၊ ၈။ ဆေးဝါးဗေဒ၊ ၉။ ဆေးပစ္စည်းအာနိသင်၊ ၁၀။ ခန္ဓာဗေဒ(တိုင်းရင်း)၊ ၁၁။ ဇီဝကမ္မဗေဒ(တိုင်းရင်း)၊ ၁၂။ ပဉ္စကမ္မ၊ ၁၃။ အကြော၊ အရိုး၊ အဆစ်ကုသမှု၊ ၁၄။ အနာပေါက်ကုသမှု၊ ၁၅။ မီးယပ်ရောဂါပညာ၊ ၁၆။ ကလေးရောဂါပညာ၊ ၁၇။ အပ်စိုက်ကုပညာ ဘာသာရပ်တွေကို သင်ကြားပေးပါတယ်။

ယခင်က တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြု ဆေးပညာ(Experience based medicine)လို့ ပြောနေရာကနေ ယခုခေတ် အထောက်အထား အခြေပြုဆေးပညာ(Evidence based medicine) သိပ္ပံနည်းကျဆေးပညာ ဖြစ်လာစေရေးအတွက် သုတေသနလုပ်ငန်းတွေ အဓိကထားလုပ်ကိုင်နိုင်ရေး သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ပစ္စည်းတွေအသုံးပြုပြီး ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ဆရာ၊ ဆရာမကြီးတွေက စနစ်တကျ သင်ကြားပေးနေပါတယ်။

အထက်က သင်ရိုးညွှန်းတမ်းမှာပါဝင်တဲ့ ဘာသာတွေကို လေ့လာသင်ယူကြရမယ့်အပြင် သင်ရိုးညွှန်းတမ်းပြင်ပလေ့လာစရာများတွေအနေနဲ့ အနောက်တိုင်းသင်ကြားရေး ဆေးရုံကြီးတွေ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ကလေးဆေးရုံကြီးတွေကို သွားရောက်လေ့လာရတာတွေ၊ မန္တလေးမြို့အနီးအနားက တောင်တန်းတွေ၊ သစ်တောတွေထဲက ဆေးဖက်ဝင်အပင် လေ့လာရေးခရီးစဉ် သွားရောက်တာတွေ၊ ဆေးဖက်ဝင်အပင်တွေ ပေါများစွာပေါက်ရောက်နေတဲ့ ပုပ္ပားတောင်မကြီးကို သွားရောက်လေ့လာတာတွေ၊ ပုဂံညောင်ဦးဒေသမှာရှိတဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ရှေးဟောင်း အထောက်အထားတွေကို သွားရောက်လေ့လာတာတွေ၊ ပြင်ဦးလွင်ဒေသကို သွားရောက် လေ့လာစေတာ၊ မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာထိ နာမည်ကြီးနေတဲ့ ISO လက်မှတ်ရ၊ GMP လက်မှတ်ရ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံတွေ၊ သုတေသနဓာတ်ခွဲခန်းတွေကို လေ့လာရေးခရီး သွားရောက်စေတာ လုပ်ဆောင်ပေးနေပါတယ်။ ဒါ့အပြင် တက္ကသိုလ်နဲ့အနီးဆုံးမှာ ခုတင် (၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံကြီးတွေလည်း တစ်ဝင်းတည်းတည်ရှိနေလို့ ဆေးကုသရေး၊ ဆေးဝါးထုတ်လုပ်ရေးပညာတွေ တစ်ပါတည်း လေ့လာနိုင်ကြပါတယ်။

ဒါ့အပြင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဗလဖွံ့ဖြိုးတိုးတက်စေဖို့ တက္ကသိုလ်မှော်ရုံမှာ ဓမ္မစကြာဝတ်အသင်းတွေ စုပေါင်းရွတ်ဖတ်ပူဇော်တာ၊ အားကစားလရာသီမှာ အားကစားပြိုင်ပွဲတွေ လုပ်ဆောင်ပေးတာ၊ မန္တလေးတောင်တက်ပြိုင်ပွဲ၊ စာသင်ချိန်ပြင်ပမှာ ဝင်ရောက်လေ့ကျင့်ဆောင်ရွက်နိုင်တဲ့ အားကစားလေ့ကျင့်ရေး အခန်းထားရှိပေးတာ၊ ညောင်ရေသွန်းပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်ပွဲ၊ ထမနဲပွဲရာသီမှာ စုပေါင်းထမနဲထိုးပြိုင်စေတာ၊ စာပေအနုပညာအသင်းက နံရံကပ်စာစောင်တွေမှာ ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲတွေ၊ စကားရည်လုပွဲတွေ ဆောင်ရွက်စေတာ၊ စုပေါင်းသွေးလှူဒါန်းပွဲတွေ၊ သုတေသနစာတမ်းဖတ်ပွဲတွေမှာ တက်ရောက်လေ့လာစေတာတွေ၊ စနေနေ့တွေမှာ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် သင်ကြားရေးအစီအစဉ် (CTME)ဟောပြောပွဲတွေမှာ တက်ရောက် ဆွေးနွေးစေတာတွေ၊ IPE (Inter-professional Education) (အခြားဆေးနဲ့ဆေး နီးနွယ်တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနဲ့ တစ်ယောက်အကြောင်း တစ်ယောက်ကို သင်ယူခြင်း၊ အတူတူသင်ယူခြင်း၊ အပြန်အလှန်သင်ယူခြင်းနဲ့ ပူးပေါင်းဖလှယ်ရေးအစီအစဉ်)အပြင် နိုင်ငံတော်ရဲ့ အထိမ်းအမှတ်နေ့ရက်ကြီးတွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိပါတယ်။

ဒီတက္ကသိုလ်မှာ လေးနှစ်သင်တန်း သင်ယူလေ့လာပြီးတဲ့နောက်မှာ သင်ကြားရေးတိုင်းရင်းဆေးရုံတွေမှာ အလုပ်သင်ဆရာအဖြစ် တစ်နှစ်တာ လက်တွေ့လုပ်ဆောင်ရင်း တာဝန်ထမ်းဆောင်ကြရမှာပါ။ အဲ့ဒါကြောင့် စာတွေ့၊ လက်တွေ့ လေးနှစ်၊ အလုပ်သင် တစ်နှစ်၊ စုစုပေါင်း ငါးနှစ် သင်ယူကြရမှာ ဖြစ်ပါတယ်။

ပေးအပ်တဲ့ဘွဲ့ကတော့ **'မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့' 'Bachelor of Myanmar Traditional Medicine (BMTM)'** ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့သင်တန်းတွေ ဖွင့်လှစ်နေတာ ၁၄ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ ပေးအပ်တဲ့ဘွဲ့ကတော့ Master of Myanmar Traditional Medicine (M MTM) ဘွဲ့ဖြစ်ပါတယ်။ အဲ့ဒီသင်တန်းကိုတော့ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (BMTM)ရရှိပြီးသူ ဝန်ထမ်းများသာ တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ စာတွေ့၊ လက်တွေ့နှင့် ကျမ်းပြု နှစ်နှစ်ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ပါရဂူဘွဲ့သင်တန်း(Ph.D.(M TM))တွေ ၂၀၂၅ ပညာသင်နှစ်ကစလို့ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လေ့လာသင်ယူစရာတွေအားလုံးကို ဒီတက္ကသိုလ်ကြီးထဲမှာ အစွမ်းကုန် လေ့လာသင်ယူနိုင်ကြမှာ ဖြစ်ပါတယ်။

**B.M.T.M. ဘွဲ့ရတစ်ယောက်အတွက် ရရှိနိုင်တဲ့ အခွင့်အလမ်းတွေကတော့..**

မိမိ၏ကိုယ်ပိုင် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ခြင်း

မိမိ၏ကိုယ်ပိုင် တိုင်းရင်းဆေးခန်း၊ ဆေးရုံ ဖွင့်လှစ်ကုသနိုင်ခြင်း

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ်(သို့မဟုတ်) အရည်အသွေးစစ်ဆေးသူ သုတေသီအဖြစ် ဆောင်ရွက်နိုင်ခြင်း၊

တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားရေးဆရာ၊ ဆရာမအဖြစ် ဆောင်ရွက်နိုင်ခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ ကုသရေးတိုင်းရင်းဆေးရုံ၊ ဆေးခန်းများမှာ ကုသရေးဆရာ၊ ဆရာမအဖြစ်နှင့် သုတေသန၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သုတေသီအဖြစ် တာဝန်ထမ်းနိုင်ခြင်း

ပြည်တွင်း၊ ပြည်ပက တိုင်းရင်းဆေးနှင့်ပတ်သက်တဲ့ ဘွဲ့လွန်အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးခွင့်တွေ ရရှိနိုင်ပါတယ်။

အခုချိန်မှာ တိုင်းရင်းဆေးပညာကို နိုင်ငံတော်က အစွမ်းကုန်အားပေးအားမြှောက်ပြုနေချိန်ဖြစ်ပြီး အခြားဆေးနဲ့ ဆေးပညာနီးနွယ်တက္ကသိုလ်များနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။ အဲဒါကြောင့် တိုင်းရင်းဆေးနည်းစနစ်တွေအပြင် သိပ္ပံနည်းကျ ရောဂါရှာဖွေရေးနည်းစနစ်တွေ၊ သုတေသနနည်းစနစ်တွေ သင်ကြားပေးနေလို့ နိုင်ငံတကာတိုင်းရင်းဆေးပညာရှင်များ နည်းတူကျွမ်းကျင်တတ်မြောက်အောင် သင်ယူနိုင်ကြပြီဖြစ်ပါတယ်။ တက္ကသိုလ်အကြောင်း အသေးစိတ်လေ့လာသိလိုရင်တော့ ဒီ **www.utm.edu.mm** ဆိုတဲ့ Website မှာ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြပါတယ်။

အထက်က ဖော်ပြခဲ့တဲ့အချက်တွေအပြင် ကျောင်းပတ်လည်မှာ ဆယ်နှစ်ရာသီပန်းပေါင်းစုံ ပွင့်လန်းမွှေးထုံနေတဲ့ မန္တလေးတောင်ခြေမှာရှိတဲ့ ငြိမ်းချမ်းသာယာလှတဲ့ တက္ကသိုလ်ကြီးနဲ့ သင်ကြားရေးသရုပ်ပြ ပရဆေးဥယျာဉ်ကြီးထဲမှာ လက်တွေ့လေ့လာသင်ယူနိုင်မယ့် အခွင့်အလမ်းတွေရနိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို အရောက်လှမ်းလာခဲ့ဖို့ နိုင်ငံတစ်ဝှမ်းက မျိုးဆက်သစ် လူငယ်များကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလိုက်ပါတယ်။

**ပါမောက္ခသိန်းဇော်လင်း**

# ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန စုဝေးခန်းမ၌ ဇွန် ၂၉ ရက် နံနက်ပိုင်းက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ခဲ့ရာ ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာရဲဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ရာ ဒေါက်တာရဲဝင်းနိုင်က ကမ္ဘာ့နိုင်ငံများနှင့်မြန်မာနိုင်ငံတို့မှ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း အခြေအနေများ၊ (HA-1) ဦးသာဆန်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ (HA) ဒေါ်နှင်းအိနန္ဒာထက်၊ ဦးနိုင်မင်းဝေ၊ ဦးစောသဲအောင်၊ ဦးသဲပိုင်ကိုတို့က ပျော့ခွေအကြောသေလက္ခဏာစုနှင့် ဆုံဆို့နာ၊ ဝက်သက်၊ ဂျိုက်သိုး၊ ကြက်ညှာချောင်းဆိုးရောဂါများ၊ ရိုတာဗိုင်းရပ်(စ်)ကြောင့်ဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ဒေါက်တာဆုဝေမွန်နှင့် ဒေါက်တာမင်းထက်စိုးတို့က ဂျပန်ဦးနှောက်ယောင်ရောဂါ၊ မွေးကင်းစမေးခိုင်ရောဂါ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ဓာတ်ခွဲနမူနာရယူခြင်းနှင့် ဓာတ်ခွဲခန်းသို့ပေးပို့ခြင်း၊ (THA) ဦးကျော်စွာထွန်းက တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ ရောဂါစစ်ဆေးခြင်းပုံစံများ ပြည့်စုံစွာဖြည့်စွက်ခြင်းဆိုင်ရာ အရေးကြီးပုံ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါအကြောင်းများအား ဆက်လက်သင်ကြားခဲ့ပြီး သင်ခန်းစာများအား ပြန်လည်ဆွေးနွေးခြင်း၊ ဆန်းစစ်မေးခွန်းဖြေဆိုခြင်းများ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများတိုးပွားခြင်း၊ ကူးစက်ရောဂါများကို အချိန်နှင့် တစ်ပြေးညီ အစီအရင်ခံသတင်းပေးပို့နိုင်ခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားပါက စောစီးစွာသိရှိနိုင်စေရန်နှင့် တုံ့ပြန်မှုကိုချက်ခြင်း ဆောင်ရွက်နိုင်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း အညွှန်းကိန်းလျာထားချက်များကို ထိန်းသိမ်းတတ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။ **(၄၈၅)**

# မန္တလေးတက္ကသိုလ် Research Methodology with Statistical Analysis သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတက္ကသိုလ် Research Methodology with Statistical Analysis သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ၅ ထပ်ဆောင် အခန်း ၂၀၉ တွင် ကျင်းပသည်။



ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သုတေသနစွမ်းရည် ပိုမိုတိုးတက်လာစေရေး၊ သုတေသနလုပ်ငန်းများ၏ သဘောတရားများ၊ နည်းစနစ်လုပ်ငန်းစဉ်များနှင့် စနစ်တကျ ခွဲခြမ်းစိတ်ဖြာလေ့လာမှုများ ပြုလုပ်နိုင်ရေးအတွက် Research Methodology with Statistical Analysis အမှတ်စဉ်(၂)သင်တန်းကို ပို့ချခြင်းဖြစ်ပြီး သင်တန်းကာလကို မန္တလေးတက္ကသိုလ် ၅ ထပ်ဆောင်အခန်း ၂၀၉ တွင် ဇွန် ၂၉ ရက်မှ ဇူလိုင် ၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အောင်ဇော်မင်း**

*-*-*-*

*-*-*-*-*-*




ပတ်ဝန်းကျင်သန့်ရှင်း အိမ်တွင်းလည်းမကျန်ပါ လူတိုင်းသာလိုက်နာကြ မြို့တော်လှပ။

## ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## သာသနာအစ ဝါဆိုလ

* မိဂဒါဝုန်၊ တောရဂုံတွင်
ပန်းစုံပွင့်ကြ၊ ရှမဝသား
တောင်ကျချောင်းသွယ်၊ သားမျိုးကြွယ်သည်
ရှုဖွယ်သာစွ ဝါဆိုလ။

* ဗုဒ္ဓလောင်းလျာ၊ နတ်ဒေဝါသည်
လူ့ရွာဌာန၊ မြန်းကာကြွ၍
မာတ ရွှေရင်၊ ခိုအောင်းဝင်သည်
ပြည်ခွင်သာစွ ဝါဆိုလ။

* ကပိလပြည်၊ တိုင်းဌာနီတွင်
ဒေဝီ မိနတ်၊ မာယာမြတ်၏
ဝမ်းရပ်ဌာနေ၊ ကိန်းအောင်းလေသည်
သန္ဓေယူရ ဝါဆိုလ။

* ဗုဒ္ဓလောင်းလျာ၊ သိဒ္ဓတ္ထာသည်
သက်မှာ နှစ်ကိုး၊ ရောက်ချိန်မျိုးတွင်
ချစ်ကြိုးစွန့်ကာ၊ တောဝနာသို့
ထွက်ခွာမြန်းကြွ ဝါဆိုလ။

* ဗုဒ္ဓဖြစ်ခါ၊ နှစ်လကြာတွင်
ပဥ္စငါးပါး၊ ရဟန်းများကို
တရားဓမ္မာ၊ စတင်ကာဖြင့်
ဦးစွာတရား၊ ဟောမြွက်ကြား၍
တရားနတ်စည်၊ တီးခတ်မြည်သည်
ရာသီသာစွ ဝါဆိုလ။

* ဗုဒ္ဓမြတ်စွာ၊ ဘဂဝါနှင့်
ဟောကာညွှန်ပြ၊ မြတ်ဓမ္မပြင်
ယူဆတူရာ၊ မြတ်သံဃာတို့
သုံးဖြာပေါင်းစု၊ ပြည့်စုံမှုကြောင့်
ယခုအခါ၊ သာသနာသည်
ဝေဖြာထိန်လင်း၊ ဖြစ်တည်ခြင်းမှာ
ကြောင်းရင်းမှန်စွ ဝါဆိုလ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)ဦးပိုင်အမှတ်(၂၀-ခ)၊ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်မိုးအေး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝမ်လီမေ(ဘ)ဦးဝမ်ရှိတုန်း(၁၃/လရန(နိုင်)၀၉၀၀၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သီရိ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၁၁၄(B)လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၇၉၈၇၁၆၄၆၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၉)၊ ဦးပိုင်အမှတ်(၁၅-ဃ)၊ ဧရိယာ (၀ ဒသမ ၀၂၀၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဘိုးဘပိုင်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ခဲစင်းပြ ဧရိယာ (၁၂×၃၇)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်ကို(ဘ)ဦးပြေညွန့်(၉/မနတ(နိုင်)၀၃၄၈၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဘိုးဘပိုင်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သီရိ (LL.B) တရားလွှတ်တော်ရှေ့နေ**

**၁၁၄(B)လမ်း၊၅၁လမ်းနှင့်၅၂လမ်းကြား၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့ ။ ဖုန်း ၀၉-၇၉၈၇၁၆၄၆၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၁)၊ ဦးပိုင်အမှတ်(၃၈/၁)၊ ဧရိယာ အရှေ့အနောက်(၆)ပေ(၉)လက်မ၊ တောင်မြောက်(၃၁)ပေအကျယ်အဝန်းရှိ ဦးမောင်ကို အမည်ပေါက် ဘိုးဘပိုင်မြေအစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးကို လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်ညွန့်ညွန့်ဝင်း(၉/မရတ(နိုင်)၀၅၉၁၃၄)၊ဒေါ်ညွန့်ညွန့်ထွေး(၉/မရတ(နိုင်)၀၅၉၀၉၂)တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယမင်းနွယ်(၉/ခအဇ(နိုင်)၀၂၃၁၀၇)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ညို (H.G.P,LL.B,D.B.L,D.L.D) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၇၅)**

**(ဖဖ-၃/၁၁)၊ ၅၁လမ်းနှင့် မနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**Ph; 09-2012467, 02-81689**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၂၅/၄)၊ မမှုံအမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ ဧရိယာ (၁၂ပေခွဲ×၃၃ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်ခွဲအပါအဝင် (ရေ+မီး)၊ဝင်းခြံအကာအရံနှင့် မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုကြသူများဖြစ်ကြသော ဦးသက်ဖူးမောင်(ဘ)ဦးနီ(၉/မဟမ(နိုင်)၀၁၀၆၆၁)နှင့် ဒေါ်မိုးမိုးထွေး(ဘ)ဦးအုန်းမောင်(၉/မရတ(နိုင်)၁၁၂၃၄၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်မြတ်မြတ်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၅၉၄၇၆**

# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်နေ ဦးဟိန်းမင်းထက်(ဘ)ဦးတင်မြိုင်(၉/မဟမ(နိုင်)၀၂၇၉၆၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။




ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဟိန်းမင်းထက်သည် ပူးတွဲဖော်ပြပါ **ရွှေမြန်မာ** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၇၄၇/၂၀၂၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **ရွှေမြန်မာ** အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေး သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **ရွှေမြန်မာ** အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် ဦးဟိန်းမင်းထက်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဦးဟိန်းမင်းထက်၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၀)၊ ဦးပိုင်အမှတ်(၁၇)၏ တောင်ဘက်ခြမ်း ဧရိယာ (၀ ဒသမ ၀၂၂၆)ဧက အကျယ်အဝန်းရှိ အစိုးရအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် အစဉ်တစိုက် လက်ရှိနေထိုင်ပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူများဖြစ်သည့် (၁)ဒေါ်ကြင်မေ(ဘ)ဦးအောင်မြဲ(၉/မနမ(နိုင်)၀၈၂၁၄၉)၊ (၂) ဒေါ်ခင်မာကြူ(ဘ)ဦးအောင်မြဲ(၉/မနမ(နိုင်)၀၈၂၁၅၀)၊ (၃) ဦးစိုးစိုးနိုင်(ဘ)ဦးအောင်မြဲ(၉/မနမ(နိုင်)၀၃၇၀၃၃)တို့က ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်အမှုသည်က ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့် (ဥပဒေတွဲ)**

**ဦးအောင်မျိုးထွန်း(ဥပဒေတွဲ)၊ ဦးထက်ပိုင်စိုး(ဥပဒေတွဲ)၊ ဒေါ်ဝင်းမာ(ဥပဒေတွဲ)၊ ဒေါ်ထက်ထက်လှိုင် (ဥပဒေတွဲ)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင်(ဥပဒေတွဲ)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁ ၊ ၀၉-၄၀၂၆၄၇၆၂၄**

**မန္တလေးမြို့ ၊ မဟာအောင်မြေမြို့နယ် ၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၅)၊ ဦးပိုင်အမှတ်(၄-င)၊ ဧရိယာ(၀ ဒသမ ၀၂၄၈)ဧက အကျယ်အဝန်းရှိသော ဦးမောင်ကြီး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၅-၆-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၄၀၆၃/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးခင်မောင်ဇော်(ဘ)ဦးညို(၉/မရတ(နိုင်)၀၄၅၈၁၇)၊ (၂) ဒေါ်ဆွေဆွေနွယ်(ဘ)ဦးမြင့်စိုး(၉/မရတ(နိုင်)၀၂၃၇၉၈)၊ (၃) ဦးငြိမ်းခန့်ဇော်(ဘ)ဦးခင်မောင်ဇော်(၉/ခမစ(နိုင်)၀၆၄၉၇၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေတိုက်ဝန်း၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ လမ်း၈၀နှင့်၈၁လမ်းကြားနေ ဒေါ်ဖြိုးအိန္ဒယ်(ခ)အိဖြူ(ဘ)ဦးခင်မောင်ဦး(၉/ခအဇ(နိုင်)၀၅၄၁၀၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးအိန္ဒယ်(ခ)အိဖြူ၏ လုပ်ငန်းနှင့်ပတ်သက်၍ ဂုဏ်သရေရှိ လူကြီးမင်းများအကြား အကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်ချက်ရှိရှိဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် သွားပုပ်လေလွင့်ပြောဆိုခြင်း၊ လုပ်ကိုင်နေသော စီးပွားရေးများပျက်စီးအောင် ပြုလုပ်ဆောင်ရွက်ခြင်းများကို နောက်ကွယ်မှ မမှန်မကန်သတင်းများ ထုတ်လွှင့်ကာ ပြုလုပ်နေကြောင်း သိရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ၎င်း၏မိသားစုဝင်များနှင့်အတူ ယနေ့အချိန်ထိ ရိုးသားကြိုးစားစွာဖြင့် သမာအာဇီဝကျသည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်မကင်းသည့် မည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း မရှိသကဲ့သို့ ဆွေမျိုးအသိုင်းအဝိုင်းများ၏ အကူအညီ၊ အထောက်အပံ့ကိုလည်း လက်ခံရယူခဲ့ခြင်းမရှိပါ။ မည်သူ၏ အမည်နာမကိုမျှ အသုံးပြု၍ လိမ်လည်လှည့်ဖြားခဲ့ခြင်းမျိုးမရှိပါ။

ကျွန်ုပ်မိတ်ဆွေအား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သတင်း သိက္ခာအား ထိခိုက်စေနိုင်သည့် အပြုအမူဆောင်ရွက်ချက်များကို Online, Facebook, Tik Tok အစရှိသည်တို့တွင် ဖြန့်ဖြူးပြောဆိုခြင်းမပြုလုပ်ရန်၊ ဒေါ်ဖြိုးအိန္ဒယ်(ခ)အိဖြူ၏ မိတ်ဆွေများကြားတွင်လည်း ဂုဏ်သတင်းကျဆင်းစေမည့် ပြုမူပြောဆိုခြင်းများ မပြုလုပ်ရန်နှင့် ဆက်လက်ပြောဆို ဆောင်ရွက်နေမည်ဆိုပါက ဥပဒေအကြောင်းအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးအိန္ဒယ်(ခ)အိဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇေယျာမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၃၉၀၁(၁၄–၁၂–၂၀၁၇)**
**၃၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ အောင်ချမ်းအေးရပ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၅၆၆၀၃၄၀၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၄၃)၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးငွေးဆောင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသူရဝေ(ဘ)ဦးမြင့်ဝေ(၉/ခအဇ(နိုင်)၀၁၇၀၃၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၁၉၅)၊ ဧရိယာပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်ထဲမှ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက်၊ ရေ+မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်နှင့် နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအဆက်ဆက်တို့ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ဖြူဖြူထွေး(ဘ)ဦးလှခင်(၉/ခအဇ(နိုင်)၀၂၄၁၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသိန်း(ဘ)ဦးထွန်းမြိုင်(၅/မရန(နိုင်)၀၃၁၀၃၈)က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးမော် (LL.B) ဒေါ်စင်စင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**၆၃လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၉၉၇၄၊ ၀၉–၄၀၁၅၁၇၇၇၃**

## ကုန်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀၊ ၃၃လမ်းထောင့်နေ (၁)ဦးအောင်မျိုးသန့်(ဘ)ဦးသန်းမြိုင်(၉/စကတ(နိုင်)၀၉၇၈၈၇)၊ (၂)ဒေါ်ဟန်သီထွန်း(ဘ)ဦးညိုဝင်း(၉/အမဇ(နိုင်)၀၂၉၂၁၉)ကိုင်ဆောင်သူများ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

HAN CAFÉ

RD (၉၇၁ / ၂၀၂၆)

အထက်တွင်ဖော်ပြထားသော **HAN CAFE'** အမည်ဖြင့် ကော်ဖီအမျိုးမျိုး၊ ကော်ဖီနှင့်ပတ်သက်သည့် ထုတ်ကုန်အမျိုးမျိုးအား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ပစ္စည်းများကို ထုပ်ပိုးစီမံထားသည့် ပလတ်စတစ်အမျိုးမျိုး၊ ချပ်ဘူးအမျိုးမျိုး၊ စာရွက်စာတမ်း၊ ပြေစာဖြတ်ပိုင်းနှင့် ကြော်ငြာများတွင်လည်းကောင်း ထည့်သွင်းရေးသားအသုံးပြုလျက်ရှိပြီး မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်–၉၇၁/၂၀၂၆ ဖြင့် ယင်းကုန်အမှတ်တံဆိပ်ကို ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းထားရှိပါသည်။ အဆိုပါတံဆိပ်အမှတ်အသားဖြင့် ကော်ဖီအမျိုးမျိုး၊ ကော်ဖီနှင့်ပတ်သက်သည့် ထုတ်ကုန်အမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မှ အသုံးပြုလျက်ရှိသော ဖော်ပြပါ **HAN CAFE'** အမည်ရှိ ကော်ဖီအမျိုးမျိုး၊ ကော်ဖီနှင့်ပတ်သက်သည့် ထုတ်ကုန်အမျိုးမျိုးတို့၏ တံဆိပ်အမှတ်အသားကို မိမိတို့မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်ပုံစံမျိုးဖြင့်မဆို မှိုင်ငြမ်းတုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံး ကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့် တရားရုံးများတွင်မဆို၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆၊ ၀၉–၇၉၈၇၈၃၄၅၇**

## ကုန်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂(ဘီ)လမ်း၊ ၁၀၇(အေ)လမ်းကြားနေ ဒေါ်တင်တင်မြင့်(ဘ)ဦးကျော်သောင်း(၁/ကမန(နိုင်)၀၄၂၆၄၀)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

RD (၁၀၀၆ / ၂၀၂၆)

အထက်တွင်ဖော်ပြထားသော **မဟာမန္တလေးသင်္ကန်းတိုက်** အမည်ဖြင့် ပရိက္ခရာ(၈)ပါးနှင့်ပတ်သက်သည့် ပစ္စည်းအမျိုးမျိုးအား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ပစ္စည်းများကို ထုပ်ပိုးစီမံထားသည့် ပလတ်စတစ်အမျိုးမျိုး၊ ချပ်ဘူးအမျိုးမျိုး၊ စာရွက်စာတမ်း၊ ပြေစာဖြတ်ပိုင်းနှင့် ကြော်ငြာများတွင် ထည့်သွင်းရေးသားအသုံးပြုလျက်ရှိပြီး မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်–၁၀၀၆/၂၀၂၆ ဖြင့် ယင်းကုန်အမှတ်တံဆိပ်ကို ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ထားရှိပါသည်။ အဆိုပါတံဆိပ်အမှတ်အသားဖြင့် ပရိက္ခရာ(၈)ပါးနှင့်ပတ်သက်သည့် ပစ္စည်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မှ အသုံးပြုလျက်ရှိသော ဖော်ပြပါ **မဟာမန္တလေးသင်္ကန်းတိုက်** အမည်ရှိ ပရိက္ခရာ(၈)ပါးနှင့် ပတ်သက်သည့် ပစ္စည်းအမျိုးမျိုးတို့၏ တံဆိပ်အမှတ်အသားကို မိမိတို့မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်ပုံစံမျိုးဖြင့်မဆို မှိုင်ငြမ်းတုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံး ကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့် တရားရုံးများတွင်မဆို၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆၊ ၀၉–၇၉၈၇၈၃၄၅၇**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၅)မူလတန်းကျောင်း Grade(5) မှ မအလင်္ကာမြင့်မိုရ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဝေလင်းအောင်ဖြစ်ပါကြောင်း။

**ဦးဝေလင်းအောင်**
**(၉ / မဟမ(နိုင်)၀၇၂၉၄၁)**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၀–က)၊ ၅၃လမ်းနှင့်၅၄လမ်းကြား၊ ၁၀၂လမ်းနှင့်၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှလှရီ၊ ဦးအောင်မြင့်မြတ်တို့နှစ်ဦးအနက်၊ ဦးအောင်မြင့်မြတ်(၉/ခမစ(နိုင်)၀၃၂၅၀၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၇/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှရီ(၉/မနမ(နိုင်)၀၁၉၉၉၃)က ၎င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံခရီးစဉ်များအတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ သွားရောက်ရသည့် ပထမအကြောင်းရင်းမှာ အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ကြောင်ကြီး မျိုးနွယ်ဝင်များ ထိန်းသိမ်းစောင့်ရှောက်ရေးဖိုရမ်သို့ သွားရောက်ရန် စီစဉ်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဖရိကနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါကြောင့် ယင်းနိုင်ငံများမှ ခေါင်းဆောင်များ မလာရောက်နိုင်တော့သဖြင့်

စာမျက်နှာ ၆ သို့ ❒



နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရတနာပုံအက်ဖ်စီအသင်းက ဇွဲကပင်ယူနိုက်တက်အက်ဖ်စီအသင်းကို ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇွန် ၃၀**

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ ညနေပိုင်းက ရတနာပုံအက်ဖ်စီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအက်ဖ်စီအသင်းက ဇွဲကပင်ယူနိုက်တက်အက်ဖ်စီအသင်းကို ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

သုဝဏ္ဏကွင်းမှာ ကျင်းပခဲ့တဲ့ ယနေ့ပွဲမှာ ရတနာပုံအသင်းတိုက်စစ်ပိုင်းကို ဝင်းသီဂီထွန်းနဲ့ ဖိလစ်ပိုင်တိုက်စစ်မှူး မာရီယာတို့ ဦးဆောင်ခဲ့ပြီး လူငယ်တိုက်စစ်မှူး ဝင်းစန္ဒာလည်း သွင်းဂိုးတွေနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည်။

အထူးသဖြင့် တစ်ပွဲနှင့်တစ်ပွဲ ပိုမိုတည်ငြိမ်လာတဲ့ ရတနာပုံအသင်းရဲ့ ကစားဟန်ကြောင့် ဇွဲကပင်ယူနိုက်တက်အသင်း အခက်တွေ့ခဲ့ရပြီး ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။ ဇွဲကပင်ယူနိုက်တက်အသင်းအနေနဲ့ နိုင်ငံခြားကစားသမားတွေနဲ့အတူ အဓိက ကစားသမားအစုံအလင်နီးပါး ပွဲထွက်အသုံးပြုခဲ့ပေမယ့် အချိတ်အဆက်နားလည်မှုအပိုင်းမှာ လိုအပ်ချက်တွေ မြင်တွေ့ခဲ့ရသည်။

ရတနာပုံအသင်းအတွက် သွင်းဂိုးခုနစ်ဂိုးကို ဝင်းစန္ဒာက နှစ်ဂိုး၊ ကွင်းလယ်ပိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ မေစပါယ်ဖူးက နှစ်ဂိုးနဲ့ မာရီယာ၊ ပင်မြင့်ယံနဲ့ နှင်းဝင့်ဝါကျော်တို့က တစ်ဂိုးစီ ရယူပေးခဲ့တာဖြစ်ပြီး ဇွဲကပင်ယူနိုက်တက်အသင်းအတွက် ဂလိုရီယာက ပင်နယ်တီမှ တစ်ဆင့် သွင်းဂိုးတစ်ဂိုးရယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် Aya Pay Player Of the Match ဆုကို ရတနာပုံအက်ဖ်စီအသင်းမှ ကျောနံပါတ် ၂၄ ဝင်းစန္ဒာက ရရှိခဲ့သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ရတနာပုံအက်ဖ်စီအသင်းက မြဝတီအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇွဲကပင်ယူနိုက်တက်အသင်းဟာ ယခုအပတ်မှာ ရှုံးပွဲကြုံခဲ့တဲ့ ရှေဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)






## လီဝန်ဒေါ်စကီးကို ချီကာဂိုဖိုင်းယား အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁**

မေဂျာလိဂ်ကလပ်ချီကာဂိုဖိုင်းယားအသင်းသည် ဘာစီလိုနာအသင်းနှင့်လမ်းခွဲခဲ့သည့် ဝါရင့်တိုက်စစ်မှူး လီဝန်ဒေါ်စကီးကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချီကာဂိုဖိုင်းယားအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး လီဝန်ဒေါ်စကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၃ ပွဲကစားပြီး ဂိုးပေါင်း ၁၂၀ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချီကာဂိုဖိုင်းယားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးလီဝန်ဒေါ်စကီးကို အေစီမီလန်၊ ဆော်ဒီပရိုလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ၎င်းက ချီကာဂိုဖိုင်းယားအသင်းကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**နိုင်ကမ္ဘာ**